
စိတ်ကူးချိုချိုအနုပညာ

# အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ

## စစ်ကိုင်းဦးဘိုးသင်း



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

'ငါကဲ့သို့ အလုပ်မလုပ်လျှင်
ငါ့သားတော်များပင် ဖြစ်သော်လည်း
ငါ့အဆက်အနွယ် မဟုတ်။'

အလောင်းမင်းတရားကြီးဦးအောင်ဇေယျ

ISBN 9789997115324
ANB59
9 789997 115324
2,300.00KS

mgyoe.com

mgyoe.com

အလောင်းမင်းတရားကြီးဦးအောင်ဇေယျ၊ စစ်ကိုင်းဦးဘိုးသင်း
စာမျက်နှာ ၂၁၁+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဧပြီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၈၈ သပြေပြုံစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# အလောင်းမင်းတရားကြီး
# ဦးအောင်ဇေယျ

## စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း။ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အချီး ... က

**အခန်း (၁)**

(က) တောသူမကလေးမိခင်နှင့် သူ၏သားငယ်များ ... ၁

(ခ) ကျောင်းသားလူတေကလေး ... ၁၅

(ဂ) မျိုးချစ်လူပျိုကလေး ... ၃၂

**အခန်း (၂)**

(က) ဗိုလ်အောင်ဇေယျသည် သူ၏ရွာကို ဖြိုးဖြိုးခိုင်ခိုင် ပြုလုပ်နေထိုင်ခြင်း ... ၄၁

(ခ) ဟံသာဝတီသားတို့နှင့် မုဆိုးဖို ... ၆၂

(ဂ) ဗိုလ်အောင်ဇေယျနှင့် ခင်ဦးစားလက်ယာပျံချီ ... ၈၃

**အခန်း (၃)**

(က) မြို့တော်သစ်တည်ထောင်ခြင်းနှင့် ပြည်သူတို့အတွက် ရှေးဦးစွာ လုပ်ငန်းများ ... ၉၆

(ခ) မြန်မာပြည်အထက်ပိုင်း၌ တန်ခိုးအာဏာကြီးမားလာခြင်း ... ၁၀၁


mgyoe.com

mgyoe.com

(ဂ) မြန်မာပြည်အောက်ပိုင်း၌ တန်ခိုးအာဏာပျံ့နှံ့
လာခြင်းနှင့် အိမ်ရှေ့မင်း ခန့်ထားတော်မူခြင်း ၁၂၀

အခန်း (၄)

(က) ပဲခူးမြို့ကို ဝိုင်းဝန်းတိုက်ခိုက်ခြင်း ၁၂၉
(ခ) ပဲခူးမင်းသမီးတော်ကို အလောင်းမင်းတရားသို့
ဆက်တော်မူခြင်း ၁၄၆
(ဂ) ပဲခူးမြို့တော်ပျက်စီးရခြင်း ၁၇၁

အခန်း (၅)

(က) ကသည်းပြည်သို့ ချီတက်တော်မူခြင်း ၁၈၂
(ခ) ကံကုန်တော်မူခြင်းနှင့်နောက်ဆုံးအဖြစ်အပျက် ၁၈၉
(ဂ) ပြည်သူတို့ဝမ်းနည်းဖွယ် ၂၀၁
– ဦးအောင်ဇေယျ၏ အမူအရာအချုပ်မှာ ၂၀၃
– နောက်ဆုံး ၂၀၉

mgyoe.com

mgyoe.com

# အချီး

အို… ကိုယ်တို့အချိန်…. ကမ္ဘာလောကကြီးသည် ပွင့်လျက်နေမင်းသည် လောကသားတို့အား အချိန်ကိုပေးဝေနေပါသော်လည်း ကိုယ်တို့တစ်စုမှာ ကိုယ်တို့အတွက် အချိန်ကောင်း အချိန်မှန်ကို ရနိုင်ပါဦးမည်လော။ မည်သည့်အခါသို့ရောက်မှ ကိုယ်တို့၏အချိန်သည် ဖြစ်နိုင်ပါမည်နည်း။ တို့ခေတ်ဟူ၍ ပြောရပါဦးမည်လော။ သဘာဝဓမ္မအားဖြင့် မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်ဆိုသော စကားအတိုင်း ထင်းဖြစ်နေရသော ကိုယ်တို့တစ်စုသည် ကြာမြင့်နေလှလေပြီ။ ကောင်းစားအံ့သော သားငယ်များအတွက် လယ်ယာမြေကောင်းတို့သည် အဘယ်မှာနည်း။ မျိုးစေ့နှင့်တူသော လူငယ်များအတွက် ကျောင်းသားများတို့သည် မည်သည့် လယ်ယာလယ်ကောင်းတို့တွင် စိုက်ပျိုးခြင်းခံရ၍၊ ရင့်မာထွားကျိုင်းဖွံ့ဖြိုးသော ကောက်ပဲသီးနှံတို့ အဖြစ်နှင့် တည်ရပါအံ့နည်း။ ကိုယ်တို့တိုင်းပြည်၌ တိုင်းပြည်နှင့်အမျိုးသားတို့၏ ဂုဏ်သတင်းကို ဆောင်၍ မြန်မာတို့၏လောကကြီးကို ကောင်းစားစေလျက်၊ မြန်မာတို့၏အချိန်ကို ထွန်းတောက်ထိန်လင်းစေခြင်းဖြင့် မြန်မာတို့ခေတ်ဟု ထင်ပေါ်ကျော်ကြား၍ ကမ္ဘာကြီးတွင် နေမင်းမျိုးဟု သရေပြောင်ခဲ့စေသည့် ကမ္ဘာကြေသော်လည်း ဉဒါန်း

mgyoe.com

mgyoe.com


မကျေနိုင်သော၊ အလောင်းမင်းတရားကြီးဘွဲ့ခံ ဦးအောင်ဇေယျဝတ္ထု တော်ကြီးကို ဖတ်ရှုသိရှိရခြင်းဖြင့် တိုင်းပြည်အမျိုးသားပျက်စီးခြင်း သည် အဘယ်သို့နည်း၊ ကောင်းစားခြင်းသည်လည်း အသို့နည်း။ တန်ခိုးကြီးသော တိုင်းပြည်အမျိုးသား ဆိုသည်ကား အသို့နည်း။ စစ်ကြီးဆင်၍ လူကို သတ်ခြင်းလော။ မည်သည်ကို ဆိုလိုသနည်း။ အစိုးရဆိုသည်ကား မည်သည်နည်း။ မည်သည့်တိုင်းပြည်၏ ဘုရင် ပါနည်း။ သရဖူဆောင်းသော သူသည် ဘုရင်ပါလော။ မြန်မာ တိုင်းပြည်ကြီးသည် အဘယ်ကြောင့် ဘယ်ကဲ့သို့ ပျက်စီးလေ၍၊ အဘယ့်ကြောင့် ဘယ်ကဲ့သို့ ကောင်းစားလာပြန်သနည်း။ ဦးအောင်ဇေယျ သည် မွန်တို့ကို နှိမ်နင်းသည်မှာ သူသည် ဘုရင် ပြုလုပ်လို၍လော။ အဘယ်ကြောင့်နည်း။ ကိုင်း... ကျွန်တော်တို့သည် စဉ်းစား၍ ဤ ဝတ္ထုကို ဖတ်ကြပါစို့။

ဤဝတ္ထုကို ရေးခြင်းသည် ကိုယ်ကျိုးကိုယ်စီးပွားထက် တိုင်းပြည် အမျိုးသားအကျိုးကို မျက်နှာမူ၍ ရှေးရှုကာ ရေးထားပါသဖြင့် ကုန်းဘောင်ဆက်ရာဇဝင်တွင် မပါမရှိသောအကြောင်းစကားတို့ကို များစွာ ထည့်သွင်းဖော်ပြထားပါသည်။ ဤဝတ္ထုအားမည်မျှလောက် အပင်ပန်းခံ၍ ဗဟုသုတရှာဖွေစုဆောင်းပြီးလျှင် ရေးသားခြင်းကို လည်း စီကာပတ်ကုံး ဖော်ပြရပါမူ စကားသာများ၍ ဝတ္ထုသားမပါ၊ လက်တန်ဆာ ရှည်သွယ်လျက် အိုးမကျယ်သောစောင်းကဲ့သို့ အသံ မကောင်း မပျော့ပျောင်းဘဲ နားညောင်းဘွယ်ဖြစ်မည်စိုးသဖြင့် အခွင့် ကို ချင့်ပြီးလျှင် အသင့်အတင့်နှလုံးသွင်းကာ အကျိုးကိုရှာဖွေရန် မင်းနှင့် တူသောမင်း၏ အတ္ထုပ္ပတ်ကို လိပ်ပတ်လည်ရုံ ရေးသားပါ တော့အံ့။

ကျွန်ုပ်တို့တိုင်းပြည်မှာလည်း စာအုပ်ပါအကြောင်းတို့ကို စဉ်းစား

mgyoe.com

mgyoe.com



ရှည်ဖွေနည်းစိစစ်၍၊ ကိုယ်အဖို့၊ ခေတ်အဖို့ အသုံးဝင်သည်မဝင်သည်၊ တော်တန်သည် မတော်တန်သည်ဟု မတိုင်းဆဘဲ အမြဲတကုတ်မှတ်ပိုက် ယူဆကျင့်ကြံလိုက်နာစေတတ်ကြ၏။ ထိုသို့ ပြုမူချက်သည် ဉာဏ်ကိုအသုံးမပြုစေရာရောက်၍၊ လူမျိုးညွှန့်၊ လူမျိုးစတို့တုံးတတ်လေ၏။ ဥရောပတိုက်ကြီး၏ ကြီးပွားရာရေသောက်မြစ်ကြီးဖြစ်သော ဂရိတ်တိုင်းပြည်ကြီး ကြီးပွားလာရခြင်းမှာလည်း အဘယ်ကြောင့်၊ ဘယ်လို၊ ဘယ်ကဲ့သို့၊ ဘယ်နည်းစသည်ဖြင့် မေးခွန်းနှင့် ဆင်ခြေတို့ကို အသုံးပြုတတ်ခြင်းကြောင့် ဖြစ်လေသည်။ ထိုသို့အသုံးပြုလေ့အသုံးပြုထရှိခြင်းဖြင့် ဟုတ် မဟုတ်၊ မှန် မမှန်၊ သင့် မသင့်၊ လျော် မလျော်၊ ဆီလျော်သည် မဆီလျော်သည်တို့ကို အကြောင်းရှာလာတတ်၍ တိုင်းပြည်လူမျိုးကြီးပွားကောင်းစားရေးအတွက် အထောက်အပံ့ကောင်းကြီးဖြစ်လာပေလိမ့်မည်။ လူတို့၌ မကောင်းသောထုံးနည်းကို မပယ်၍မကောင်းသော ထုံးသစ်ကိုလောင်းခြင်းသည်လည်း ထိုကဲ့သို့သော မေးခွန်းမျိုးနှင့် ဆင်ခြေမျိုးကို အသုံးမပြုတတ်ခြင်းကြောင့်ပင်ဖြစ်လေသည်။ ထို့ကြောင့် ဆင်ခြေထုတ်ခြင်း ဆင်ခြေထုတ်နည်း၊ ကိုယ်နှင့်သော်လည်းကောင်း၊ ခေတ်နှင့်သော်လည်းကောင်း၊ တိုင်းဆနိသရည်းတို့ကိုလည်း ထည့်သွင်းရေးသားပါရှိစေသည်ဖြစ်ပါ၍ ၎င်းစံထားပြီးလျှင် စာအုပ်ဖတ်ခြင်းဖြင့် ကိုယ်နှင့်ခတ်ကို တောက်ပထွန်းလင်း တန်ခိုးကြီးလျက် ကောင်းစားခြင်းဖြစ်နိုင်ပါစေလို။

## အထူးသတိပြုရန်

လယ်ယာနှင့် လယ်ရာ၊ လယ်တာတို့သည် မတူကြချေ။ လယ်ယာဆိုသည်ကား လယ်၊ ယာ ဟူ၍ဖြစ်လေသည်။ ယာဆိုသည်ကား စပါးမစိုက်နိုင်ဘဲ နှမ်း၊ ပြောင်း စသည်တို့ကိုပြုလုပ်ရသည့် မိုးဥတုလုပ်ခင်း

mgyoe.com

mgyoe.com



ဖြစ်လေသည်။ ထိုယာသည် တောင်ယာနှင့်ခြားနားပြန်လေသည်။ တောင်ယာကား တောင်ပေါ်တောင်ကုန်းမြင့် စသည်တို့ခုတ်၍မီးရှို့ပြီးလျှင် စူးထိုးပြီးသော် စပါးစသော ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးရသည့် လုပ်ခင်းများကိုခေါ်ဆိုလေသည်။ လယ်ရာကား လယ်လုပ်ထားသော အကွက်၊ လယ်လုပ်ထားပြီးသောအကွက်ဖြစ်လေသည်။ လယ်တာကား လယ်လုပ်ရန်–ဝါ–လယ်လုပ်ကိုင်ရန်ငန်းတာမြေကွက်များကို ဆိုလိုသည်။ ဤစာအုပ်တွင် လယ်ယာ၊ လယ်တာဟု အရေးနှစ်မျိုး ပါရှိသည်ကို သတိပြုပါလေ။ ထိုကဲ့သို့ နှစ်မျိုးနှစ်ဝါဒ ရေးထားသော စကားအနည်းငယ်ကို သတိပြုရန် အောက်တွင် ရှင်းလင်းဖော်ပြထားပါသည်။

**လိင်္ဂပတ်လည်** – သာယာပြေပြစ် လည်လည်ပတ်ပတ် ပြောဆိုခြင်း၊ ဝါစာသီလိင်္ဂ ဆိုသောစကားကို အထောက်အထားပြု၍ ရေးသားကြသည်။

**လိပ်ပတ်လည်** – အစ စကားနှင့် အဆုံးစကား အုပ်မိခြင်း၊ အချိုအချ ဆီလျော်ခြင်း စသည်တို့ကို လိပ်ပတ်လည်သည် ဆိုလေသည်။ ထိုစကားမျိုးသည် ရက်ကန်းလိပ်ကို ပမာပြု၍ နှိုင်းပြုပြောဆိုခြင်း ဖြစ်လေသည်။

**လုပ်ကိုင်စားကျင်း** = လုပ်ကိုင်စားသောက်နေသော လယ်ယာမြေကွက်များ။

**လုပ်အိုင်စားကျင်း** = ရေဝင်ချိုင့်ဝှမ်းသော ကန်၊ အင်းတို့ကိုအမှီပြု၍ လုပ်ကိုင်ရသော မြေရာများ၊ လုပ်ခင်းကိုင်တာများ။

**လာဘ်** = လာဘဟူသော ပါဠိကို အထောက်အထားပြု၍ ရေးကြသည်။

**လပ်** = လွတ်လွတ်ယပ်လပ် ရရှိသော ပစ္စည်း၊ အပိုရရှိသော

mgyoe.com

mgyoe.com



ပစ္စည်း၊ တို့ဖြစ်၍–ပသတ်နှင့် အချို့ ရေးလျက်ရှိကြသဖြင့် ဤစာအုပ်တွင် လာဘ်ဟုလည်းကောင်း၊ လပ်ဟု လည်းကောင်း ကြိုက်ရာယူရန် နှစ်မျိုးနှစ်ဝါဒ ရေးထားပါသည်။ (မတရားသဖြင့် အပိုရသော ပစ္စည်းကို လပ်ဟုမခေါ် တံစိုးဟုခေါ်လေသည်)။

**ဖေါင် = ဘောင်။**

**သက္ကရစ် = သက္ကရာဇ်။**

**အစ။** ။ စာရေးခြင်းဖြင့် အကျိုးမပွားလူးသော ကျွန်ုပ်သည် မိခင်များ၏ ကျင့်ဝတ္တရားများ၊ မိခင်များတို့၏ ဂုဏ်တန်ခိုးများတို့ကို ရန်ကုန်မြို့ မြန်မာစာပေ ပရိယတ္တိကုမ္ပဏီမှ ထုတ်ရောင်းသော သားသမီးများ ကြီးပွားရေးလက်စွဲစာအုပ်၊ သူရိယသတင်းစာပုံနှိပ်တိုက်က ပုံနှိပ်ရောင်းချသော မိန်းမများအတွက် စာအုပ်တို့တွင် ထိုက်သင့်သည်လောက် ရေးသားဖော်ပြခဲ့လေပြီ။ ဤစာအုပ်အစဉ်လည်း ကျွန်ုပ်ဖော်ထုတ်လိုသည်မှာ မိခင်များသည် တိုင်းပြည့်သူဖျက်များ ဖြစ်သည်အလားတူ၊ တိုင်းပြည့်သူတော်များ၊ တိုင်းပြည့်အကျိုးဆောင်များလည်း ဖြစ်ကြရပေလိမ့်မည်။ မိခင်များသည် မျိုးစေ့တို့၏အကျိုးကြီးမြင့်ပွားလူးရာဖြစ်သည့် လယ်ယာမြေကောင်းသဖွယ် ဖြစ်နိုင်သောကြောင့် မိခင်ကောင်းတို့တည်ထွန်းသော တိုင်းပြည့်ကံကြမ္မာနှင့် ဇာတာသည် ဆိုးယုတ်ညံ့ဖျင်းဖို့ရန် အလွန်ခဲယဉ်းပေလိမ့်မည်။ မိခင်ကောင်းတို့သည် သားသမီးတို့၏ တစ်သက်ပန်လုံးအတွက် လူလုပ်ရေးကို မွမ်းမံခြယ်လှယ်လိုက်သည် ဖြစ်သောကြောင့် (၁) သားကောင်းသမီးကောင်း ရနိုင်ရန် အာရုံပြုတတ်ခြင်း၊ (၂) ပဋိသန္ဓေကို ကောင်းမွန်မြင့်မြတ်လေအောင် စောင့်ရှောက်တတ်ခြင်း၊ (၃) သားသမီးတို့ကို အစဉ်သဖြင့် ကောင်းစားနိုင်အောင် မွန်မြတ်စွာဆုံးမတတ်ခြင်းတို့နှင့် ပြည့်စုံလေသည့်ရာမည တိုင်းတစ်လိုင်း သုံးရပ်တွင်သော မွန်တို့၏

mgyoe.com

mgyoe.com



တိုင်းပြည်မြို့ရွာဒေသတို့တွင် မြန်မာမင်းတို့၏ ထီးနန်းကိုစိုက်ထူ၍ မွန် မြန်မာလူမျိုးကွဲပြားခြားနားခြင်းမရှိစေဘဲ အောင်မြင်စိုး အုပ်သိမ်း ချုပ်ပိုက်ထုပ်နိုင်တော်မူခဲ့သော ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး သည် မိခင်ကောင်း၏ဆုံးမသြဝါဒဖြင့် အင်ဒိုချိုင်းနား ကျွန်းဆွယ်ကြီး တွင် တန်ခိုးအာဏာကြီးမြင့်တော်မူခဲ့သော မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်ခဲ့သည့်အပြင် အိန္ဒိယနိုင်ငံနှင့် အရှေ့ဘက်တစ်ခွင်တွင် ထင်ပေါ်ကျော်ကြား၍ ဥရောပတိုက်တွင် တန်ခိုးကြီးမားနေသော သဘော်သား ပေါ်တူဂီလူမျိုးများတို့ပင်လျှင် အရှေ့တစ်ခွင်သို့ ရောက် သောအခါ၊ ကျိုးနွံပျပ်ဝတ်ကြရလေတော့သည်။ မြန်မာပြည်သို့ သီဟိုဠ်ကျွန်းမှ တစ်ဆင့် ဒုတိယအကြိမ်ရောက်လာသော ဗုဒ္ဓဘာသာ ကို ယနေ့တိုင်အောင် တည်ထွန်းပြန့်ပွား စည်ကားတိုးတက် ဝေဆာနေ လေအောင် အခြေစိုက်၍ ထူထောင်ခဲ့သည့် အနော်ရထာမင်းစော၏ မိခင်နှင့် ထိုမင်းကြီး ခမည်းတော် ကွမ်းဆောင်ကျောင်းဖြူမင်း၏ မယ်တော်တို့မှာလည်း ထူးမြတ်သော၊ လိမ္မာ၍ မိခင်ပီသသော မိန်းမ မြတ် ရတနာတို့၏အဖြစ်နှင့် ယနေ့တိုင် ထင်ရှားနေသော မြန်မာတို့၏ ဂုဏ်ကျေးဇူးကို အခြေရရှိစေသည့် မိခင်မြတ်တို့ ဖြစ်ကြလေသည်။ ဦးအောင်ဇေယျဝတ္ထုသည်လည်း ဦးအောင်ဇေယျအဖြစ်နှင့်၊ ကြီးမြင့်ရန် အခြေသည် မည်ကဲ့သို့ဖြစ်ပွားလာသည်။ ဦးအောင်ဇေယျ ဖြစ်မည့် သူငယ်ကလေးအိပ်သည့် သားလှောင်ပုခက်သည် မည်ကဲ့သို့သော ကျက်သရေမင်္ဂလာတို့နှင့် သန့်ရှင်းကြည်လင် ဖြူစင်သော လေလဟာ တွင် ယိမ်းနွဲ့ပျံဝဲနေသည်တို့ကို စဉ်းစားနိုင်ရန် ဤဝတ္ထု၏ အစဖြစ် သော မိခင်တောသူမကလေးနှင့် သူ၏ သားငယ်များအကြောင်းကို ဆက်လက်၍ ဖတ်ကြပါဦးစို့။ ။

❑

mgyoe.com

mgyoe.com

# အခန်း ၁

## (က) တောသူမကလေးနှင့် သူ၏သားငယ်များ

ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး တည်ထွန်းတော်မူရာအချက်အချာကြီးဖြစ်သော မြန်မာနိုင်ငံတော်ကြီးကို သာသနာ့ဒါယကာတွင်သော၊ မာရ်အောင်ရတနာ ဒါယကာ သို့မဟုတ် စနေမင်းဟုလည်း အမည်တော်ရသော မင်းတရားကြီးအုပ်စိုးစဉ်တွင် ၁၀၇၆ ခုနှစ်၊ မုဆိုးချုံရွာမကြီးသည် အလွန်သာယာစိုပြည်လျက် စိမ်းလန်းညွန့်ရည် ရွှန်းရွှန်းချိသော သစ်ပင်ဝါးပင်တို့ဖြင့် ခြယ်လှယ်လျက်ရှိသဖြင့် ဝေးဝေးမှ ကြည့်မြင်ရသောအခါ နတ်တူရိယာ၊ သာယာသော နတ်စောင်း နတ်ညှင်းတို့နှင့် အပျင်းပြေဖွယ်ရာ ဖြစ်သည့်နန္ဒဝန်ဉယျာဉ်ပမာ၊ ချီးစရာ၊ ကျူးစရာ၊ ချီးကျူးစရာသောရွာမကြီးဖြစ်လျက် ရွာ၏ပတ်လည်၌ စိမ်းလန်းတင့်ပန်းသော ပဒေသာပင်များဖြစ်သော ထန်းတောကြီးသည်လည်း ထိုရွာမကြီး၏ ကျက်သရေကို ဆောင်သည်ထက် ဆောင်နေလေ၍ တင့်သည်ထက် ပိုမိုလွန်မြောက်ကာ တင့်လျက် ရှိနေလေ၏။ ထိုကဲ့သို့လျှင် တောရွာမအလိုက်၊ အထိုက်၊ စရိုက်နှင့်အညီ ကျက်သရေတင့်၍ မြင့်လျက်တည်သော ထိုရွာမကြီးတွင် သူကြီးအိမ်နှင့် အဆင်တူသည့် အိမ်ကြီးတစ်အိမ်မှ....

mgyoe.com

mgyoe.com


မျိုးမြန်မြင့် တည်ထောင်၊ ရှည်နှောင်ပ ထင်လင်း၊ သမုတ်အမည်
သင်းတယ်၊ မြို့ပေါက္ကံမင်း။ ။
စိုးပါနှင့် မေရယ်၊ မိုးကြယ်မို့လား၊ သည်တောင်တွေမောင်ဖြိုပါ့
မယ်။ မြင်းမိုရ်မို့လား။ ။
မျိုးမြန်မြင့်တစ်ဆူ၊ ဆင်ဖြူရှင်တောင်ငူဖွား၊ ဆယ့်ငါးရှာဗြဟ္မာ
ချင်းအောင် လင်းလေတဲ့ဖျား။

ဟူသော ကလေးချော့သီချင်းသံသည် နေ့တိုင်းနေ့တိုင်း မကြာ မကြာလောက်ပင် သာယာချိုအေးစွာ ထွက်ပေါ်၍လာလေသည်။ ထိုသို့ သီချင်းဆို၍ ချိုအေးသောအသံသာနှင့် ကလေးသိပ်ခါ နေလေ့ရှိသော သားသည် အမေသည် ကလေးအိပ်သောအခါ၌ ချည်ချရင်းဖြစ်စေ၊ စပါးလုံးရွေး ရင်းဖြစ်စေ၊ ဝါကြိတ်နှင့် ဝါကြိတ်ရင်းဖြစ်စေ၊ အင်္ကျီချုပ် ရင်းဖြစ်စေ ရစ်နှင့် ဗိုင်းငင်ရင်းဖြစ်စေ၊ အချည်ငင်ရင်းဖြစ်စေ၊ အစရှိ သော မိန်းမကောင်း အိမ်ရှင်မကောင်းတို့၏ ထုံစံအတိုင်းအိမ်တွင်း မှုတစ်ခုခုကို စီမံလုပ်ကိုင်နေလျက်၊ လေးကလေးနှင့် ကစားနေသည့် သားများ ငါးနှစ်အရွယ်၊ သုံးနှစ်အရွယ်ကလေးတို့ကို ကြည့်ရှု ထိန်း သိမ်းကာ ရှိနေလေ၏။ ထိုအမျိုးသမီးသည် သားသမီး မွေးဖွားခြင်း၊ အိမ်ထောင်ဝတ်ကို ပြုစုခြင်းတို့ဖြင့်သာ အမျိုးသမီးတို့၏ ဂုဏ်သတင်း ကို ဆောင်သည် မဟုတ်သေး၊ အဆိုပါ သီချင်းနှင့် သူ၏သားငယ် ကလေးတို့အား ပြည့်တင်းလျက် လူလားမြောက်စေရန် တိုင်းပြည်ကြီး ကို ထူးမြတ်ကြီးမြင့်သော တန်ခိုးအာနိသင်ကို မည်ကဲ့သို့ ဆောင်ရွက် ပေသည်ဟု စဉ်းစားရန် ပြဿနာတစ်ခုလည်း ဖြစ်ပေါ်လာပေလိမ့်မည်။

ထိုအမျိုးသမီး၏ သားငယ်တို့အား ပြုစုပုံနှင့် ဆုံးမပုံတို့ကို အနည်းငယ်၊ အကျဉ်းအားဖြင့် ဖော်ပြရန်လိုအပ်သည်ထင်၍ ဖော်ပြရ မည်မှာ။ ။ ထိုမိခင်သည် နံနက်စောစောအိပ်ရာကထ၍ သားငယ်များ

mgyoe.com

mgyoe.com


စားသောက်ရန် ယာဂုကိုဖြစ်စေ၊ မုန့်ကိုဖြစ်စေ ပြုလုပ်လေ့ရှိ၏။ နေ့လယ် နေ့ခင်း ညတို့၌ သားသမီးတို့၏သရေစာအတွက်လည်း ကိုယ်တိုင်စီမံ ဆောင်ရွက်လုပ်ကိုင်ပေးလေ့ရှိ၏။ သားငယ်တို့၏ ကစားခြင်း အမျိုးမျိုးနှင့် ဆော့ခြင်းအမျိုးမျိုးတို့ကိုလည်း အခွင့်ပေး လျက် ၎င်းတို့မှ ထွက်ပေါ်လာသော သူမ နှစ်သက်သည့် အကျင့်တို့ကို သာ ယဉ်ယဉ်ကျေးကျေးနှင့် ပြုပြင်ပေးလေ့ရှိလေ၏။ ထိုမိခင်၏ ထင်မှတ်နေပုံမှာ ကလေးတို့၏ မကောင်းကျင့် အမျိုးမျိုးသည် ကစား ဖော်ချင်းတို့၏ လက်မှ ရရှိလာတတ်သော်လည်း အဖော်အပေါင်းနှင့် ကစားခြင်း၊ ဆော့ခြင်းတို့ကို တားမြစ်ခြင်းသည် သစ်ပင်ငယ်၏ တက်သော အညွန့်ကို နှိမ်ချိုးထားသည်နှင့်တူလေ၍ ကလေးတို့၏ ကြီးပွားရေး အညွန့်ကို အကင်းသတ်ထားသည်နှင့် တူလေသည်။ သို့ရာတွင် ကလေးတို့အား မကောင်းကျင့်မကောင်းကြံကို အားမပေး ဘဲ သိအောင် စုံစမ်း၍ ၎င်းတို့ကိုယ်တိုင် ထိုမကောင်းကျင့် မကောင်း ကြံကို မနှစ်သက်အောင် သွေးဆောင်ပြုပြင်ရာချေသည်။ ကလေးငယ် တို့၏ မကောင်းကျင့်တို့တွင်လည်း ဆဲတတ်ခြင်း၊ မုသားပြောတတ် ခြင်း၊ ကြောက်တတ်ခြင်းတို့သည် အဆိုးရွားဆုံးဟု ထင်မှတ်လျက် ရှိသောကြောင့် ယုတ်ညံ့မှုအမျိုးမျိုးကို ဖြစ်ပေါ်ရန် လမ်းပြဖြစ်သော ဆဲတတ်ခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်းကို သွေးဆောင်လျက် ရှိသော မုသားပြောခြင်း၊ သရဲဘောနည်း၍ ရက်စက်ကြမ်းကြုတ်ခြင်း ကို အားပေးလျက်ရှိသည့် ကြောက်ခြင်းတို့ကို အထူးပဲ့ပြင်ကာ ရှိလေ ၏။ ထိုသို့ ပဲ့ပြင်ရာ၌လည်း အလွန်သိမ်မွေ့နူးညံ့ပြေပြစ်ခြင်းတို့ကို အသုံးပြုသောကြောင့် အဆုံးအမခံရသူသည် ဆုံးမသောသူ၏ စိတ် သဘောအမူအရာတို့ကို လိုက်တတ်သည်ဆိုသော စကားအတိုင်း ထိုမိခင်၏ သားငယ်များ စိတ်သဘောသည် ရိုင်းရိုင်းစိုင်းစိုင်း ဖြစ်လာ

mgyoe.com

mgyoe.com


နိုင်ဖို့ရန် ခဲယဉ်းလေသည်။

တစ်နေ့သ၌ သားတစ်စုသည် အောင်ဇေယျအား ခမည်းပေးထားသည့်ကြက်မကြီးကို လိုက်၍ဖမ်းကြလေရာ ကြက်မကြီးသည် သင်္ဘောကြမ်းပေါ်ရှိ တောင်းကြီးတစ်တောင်းပေါ်သို့ တက်နေလေ၏။ ထိုအခါ သားအကြီးဆုံးက ခေါင်းဆောင်၍ ထိုတောင်းကို ပြောင်းဝါးနှင့် ထိုးချလေရာ၊ တောင်းထဲမှာရှိသော လွန်ဆန်တို့သည် မှောက်၍ ကျလေ၏။ ထိုအခါ သားငယ်တစ်စုသည် ဣန္ဒြေရရနှင့် မျက်နှာပိုးသတ်၍ မိခင်ပြုတ်ထားသောပြောင်းဖူးများကို ယူပြီးလျှင် စားနေကြလေ၏။ မိခင်လည်း အိမ်နောက်ဖေးဟင်းခင်းထဲမှ ဟင်းသီးဟင်းရွက်များကို ခူး၍လာရာ သားငယ်တို့ အချိန်မဲ့ ပြောင်းဖူးစားနေကြသည်ကို မြင်သဖြင့်....

"ခု အချိန်ဟာ သရေစာ စားတဲ့အချိန်လား" ဟုမေးလေရာ သားငယ်တို့သည် ဖြေဆိုခြင်းမရှိကြဘဲ မိခင်မျက်နှာကိုသာ ငေး၍ ကြည့်နေ၍ အောင်ဇေယျက....

"ကျွန်တော်တို့ ဆာရင် အမေက အစားခိုင်းမလားလို့ စားတာပါ"

ဟုပြောလေရာ မိခင်က....

"အခု ဆာတာကို အောင့်မထားရင် နောင်ဆာတဲ့အခါ ဘာကို စားမလဲ၊ အခုမင်းတို့ပြောင်းဖူးစားကြလို့ ထမင်းကို များများ မစားနိုင်ရင် မင်းတို့အဖေ စိတ်ချမ်းသာပါ့မလား၊ အဲဒီတော့ မင်းတို့အဖေ စိတ်ချမ်းသာအောင် နောင်ကိုလုပ်ပါ့မယ်ဆိုရင် အမေက မင်းတို့ကို သိပ်ပြီး ချစ်မှာပဲ"

ဟု ပြောဆိုလေရာ သားငယ်တို့ကလည်း သူ့ထက်ငါ....

"အမေ.... နောက်ကို ကျွန်တော်တို့ အမေပေးမှ စားမယ်" ဟုပြောဆိုကြလေ၏။

mgyoe.com

mgyoe.com


ထို့နောက် မိခင်သည် အိမ်ပေါ်သို့ တက်သွားရာ မှောက်၍ ကျနေသော လွန်ဆန်တောင်းကိုတွေ့၍ သူ့သားများကို မေးမြန်းရာ သားအကြီးဆုံးက အကြောင်းအကျိုးကို ပြန်ပြောသောအခါ မိခင်က သားများအား....

"ကြက်မကြီးက မင်းတို့ကို စော်ကားသလား"

ဟုမေးလေ၍ သားအကြီးက....

"မစော်ကားဘူး အမေ"

ဆိုသဖြင့် မိခင်လည်း သားတို့ကို ကြည့်လျက်....

"ကိုယ့်ကို စော်ကားရင်တောင် သည်းခံနေရမယ်၊ ခုတော့ မင်းတို့ကို မစော်ကားဘဲနဲ့ မင်းတို့ကလိုက်ပြီး နှိပ်စက်နေရင် ကောင်းတယ်လို့ ထင်ကြမှာလား၊ ငါကဖြင့် မထင်နိုင်ပါဘူးကွယ်"

ဆိုလေရာ သားများကလည်း သူ့ထက်ငါ....

"အမေကျွန်တော်တို့ နောင်ကိုမစော်ကားပါဘူး"

ဟု တစ်ညီတည်း ဝန်ခံကြလေ၏။ ထိုအခါ မိခင်လည်း သာယာသော အသံနှင့်....

"မင်းတို့ကို သည်တောင်းကို အပေါ်မှာ အလကားထားမယ်မထားမယ်ကို တွေးကြည့်ရမယ်၊ အလကားထားရင်လည်း မှောက်ထားမယ် လှန်ထားမယ်ဆိုတာ စဉ်းစားကြည့်ရမယ်၊ မင်းတို့မစဉ်းစားတတ်ရင် သူများက သင်းတို့အမျိုးဟာ ဝက်မျိုးလို့ ဆိုကြလိမ့်မယ်၊ မင်းတို့ ငါ့သားဆိုပြီး ငါနဲ့တူအောင် မလုပ်ကြဘဲကိုး၊ မင်းတို့မစဉ်းစားတတ်ကြလို့လား"

ဟု ဆုံးမ ပဲ့ပြင်လေ၏။

*

mgyoe.com

mgyoe.com


ထိုကဲ့သို့ ဆုံးမခြင်းသည် ကြိမ်တံပြာကိုသုံး၍ ဆုံးမခြင်းနှင့် သူငယ်ချင်းများအပေါ်၌ အများအားဖြင့် မည်သည်ကကောင်းသည် ဟု စဉ်းစားသင့်သည့်အပြင် ၎င်းသည် ကိုယ်တို့ခေတ်သစ်၌ အသုံး ဝင်နိုင်သည် မဝင်နိုင်သည်ကိုလည်း ထောက်ဆသင့်ပေသည်။ ထို မိခင်၏ သားများမှာမူကား ကောင်းစွာစကားပြောတတ်သော အရွယ် သို့ရောက်သောအခါ မိခင်ချော့ရာခဲ့သော သီချင်းတို့ကို အမိပွားယ်မဲ့ ရ၍ သီဆိုစပြုကြလေ၏။ မိခင်သည်လည်း ထိုသို့သော အရွယ် လောက်က စပြီးလျှင် ရှေးစကားကောင်းများ ယုတ္တိယုတ္တာရှိသော ပုံ ဝတ္ထုကောင်းများတို့ကိုတစ်စတစ်စပြောဆိုခြင်းဖြင့် ဆုံးမလာလေ သည်။ ထိုမိန်းမမြတ်ရတနာကြီးဖြစ်သော ဒေါ်ငြိမ်းဦးမှာ တဖြည်း ဖြည်း သားသမီးရတနာတို့နှင့် ပြည့်တင်းလာ၍ သူ၏ခင်ပွန်း ဦးညိုစံ အား မြိန်မြတ်သော ညစာခဲဖွယ်ဘောဇဉ်တို့နှင့် ပြုစုပြီးတိုင်းလောက် မှာပင် ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်၊ အောင်မျိုး၊ အောင်ဖေယျ၊ အောင်ဖြိုး၊ ရွှေခြူ၊ ရွှေရ တို့ကို အကျိုးရှိရာရာသော ပုံဝတ္ထုတို့နှင့် ပြောဆိုဆုံးမပဲ့ပြင်လေ့ရှိလေ၏။ တစ်ခါတရံ ဒေါ်ငြိမ်းဦးသည် ညှင်းညှင်းသာလင်းသော ကညင်တိုင်မီးရောင်၌လည်းကောင်း ဆီစိမ် ရှားတိုင် မီးရောင်၌လည်းကောင်း၊ ဝါဖတ်ရင်းဖြစ်စေ၊ ဗိုင်းငင်ရင်း ဖြစ်စေ၊ အနားတွင် ဝိုင်း၍ ဝမ်းလျားမှောက်သူမှောက်၊ တင်ပြင်ခွေ သူခွေ စသည်တို့နှင့် နားထောင်ကာနေသော သားငယ်တို့အား ငစကော၊ စလေငခွေး၊ မောင်ပုည၊ နန်းတွင်း မိညို၊ သုဝဏ္ဏစာရီ မင်း သမီးအစရှိသော ရာဇဝင်ဝတ္ထုများ၊ စလေမောင် ဖြိုး (ငရုတ်ကျည်ပွေ့ အတက်ပေါက်သည်ဟူသော စကားထုံး) ဖာတစ်လုံးခေါင်းကျား အစရှိ သော ဝတ္ထုမျိုးများကိုလည်း ပြောလေ့ပြောထရှိနေ၏။ ၎င်း၏သားများ အနက် အောင်ဖေယျသည်ကား၊ စကားဖျက် လတ်ရဲရင့်ပြီးသော်

mgyoe.com

mgyoe.com


ညီအစ်ကိုချင်းနှင့် အခြားသောကလေးတို့အား ပုံပြောခြင်းကို ပြုတတ်သည့်ပြင် သူရထားသော သားချော့သီချင်း၏အဓိပ္ပာယ်ကို မိခင်ဖြစ်သူအား ခဏခဏမေး၍ မိခင်သည်လည်း သူ၏ သားတို့အား သမုတိရစ်မင်းသည် မြန်မာလူမျိုးဟူသော အမည်ကို တံခွန်ပြုပြီးလျှင် ပတောင်း၊ မင်းတုန်းမြို့တို့တွင် ထီးနန်းစိုက်ထူပြီး နောက် ပုဂံပြည်ကြီးကို တည်ထောင်ခြင်း အစရှိသောအကြောင်းများ၊ ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးသည် မင်းမျိုးမဟုတ်ဘဲနှင့် တန်ခိုးအာဏာပြင်းထန်သော မင်းတစ်ပါးဖြစ်သော အကြောင်းများ စသည်တို့ကို အကျယ်ချဲ့၍ နားထောင်စမ်းချင်ဖွယ် ပြောဆိုလေ၏။

ဦးညိုစံမှာကား ကောက်ပဲသီးနှံ ရိတ်သိမ်းပြီး၍ လုပ်ခွင်အားသော ဆောင်းဥတု၌ နံနက်စောစော ညဦးယံတို့တွင် မီးဖို၌ ယောကျ်ားအချင်းချင်းများနှင့် ဝိုင်း၍ မြန်မာလူမျိုးတို့၏ ထုံးလမ်းစဉ်လာဓလေ့ဝါသနာအတိုင်း၊ သိုက်တဘောင် စသည်တို့ကို ပြောဆိုလျက် (တပေါင်ဟုလည်း ရေးထုံးရှိ၏။) စစ်ရေးမက်ရေး မင်းမူစိုးခန်းစသည်တို့ကို ပြောဆိုနေလေသည်။ တစ်နေ့သ၌ အောင်ဇေယျသည် သူ့အဖအား....

"ကျွန်တော် ရှင်ဘုရင်ဖြစ်နိုင်သလား"

ဟု ကပ်မေးလေရာ ဖခင်ကလည်း စကားအရသာ ပျက်မည်စိုးသဖြင့် အောင်ဇေယျ အမေးကို ပြန်မဖြေဘဲ ကျောကို ပုတ်ပြီးလျှင် လွှတ်လိုက်၏။ အောင်ဇေယျလည်း ၎င်းကိုမကျေချမ်းနိုင်သဖြင့် မိခင်ထံချဉ်းကပ်ပြီးသော် တစ်ဖန်မေးမြန်းပြန်လေရာ၊ ဒေါ်ငြိမ်းဦးလည်း သားအမေးကို အလွန်ဝမ်းသာအားရလျက်....

"အောင်ဇေယျ မင်းရှင်ဘုရင်လုပ်ချင်သလား"

ဟု မေးလေရာ အောင်ဇေယျကလည်း....

"ဟုတ်ကဲ့"

mgyoe.com

mgyoe.com


ဟု ပြောပြီးသော် ခေါင်းညိတ်လိုက်၍....

"တို့ မြန်မာလူမျိုးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိရဘူးကွယ်၊ လုပ်ချင်တာ မှန်သမျှ ပြီးမြောက်ရမှာချည်းပဲ"

ဟု အားပေးစကားပြောကြားလေ၏။

*

ထိုအခါ အောင်ဇေယျလည်း....

"ဒါဖြင့် ကျွန်တော်အမှန်ပဲ ရှင်ဘုရင်ဖြစ်မှာလားအမေရယ်"ဆိုကာ မေးပြန်သဖြင့်မိခင်လည်း....

"အင်း....မင်း ရှင်ဘုရင် ဖြစ်ချင်ရင် ဖြစ်ရမယ်၊ သူဌေးဖြစ်ချင်ရင် ဖြစ်ရမယ်၊ ဖြစ်ချင်တာကိုသဘောအတိုင်း တစ်နေ့မှာ ဖြစ်ရမယ်၊ သို့သော် စိတ်သဘောထားအတိုင်း ဖြစ်ချင်လို့ရှိရင် နံနက်စောစော အိပ်ရာက ထရမယ်၊ သတိထားပြီး အိပ်ရမယ်၊ အအိပ်အနေ နည်းရမယ်၊ အစားအသောက်လည်း မကြီးကြမ်းရဘူး၊ မုသားစကားကိုရှောင်ရမယ်၊ သစ္စာစွမ်းပကားရှိရမယ်၊ သနားကြင်နာရမယ်၊ လူကိုလူဟု မှတ်တတ်ရမှာမယ်၊ သူ့အကျိုးကိုပါ လိုလားတတ်ရမယ်၊ သံယောဇဉ် တရားနည်းရမယ်"

စသည်ဖြင့် ဆုံးမစကား ပြောကြားလေ၏။

ထိုကဲ့သို့လျှင် မိခင်၏ ပြုမူကျင့်ကြံနေထိုင်ပုံ၊ ပြောဆိုဆုံးမပုံတို့ကို စဉ်းစားကြည့်ပါလျှင် ၎င်းတို့သည် ယခုခေတ်၌ အသုံးဝင်နိုင်မည်လော။ ရွှေယုန်ရွှေကျားစသော ဒဏ္ဍာရီများကဲ့သို့ပင်လော။ သိုက်စာဖတ်တာနားထောင်ပါ ဥစ္စာရနိုးနိုး စနည်းနာစောင့်စားပါ ကြံရာပေါက်နိုးနိုး၊ဗေဒင်တွက်ရာမျှော်ကိုးပါ ချမ်းသာလာနိုးနိုး ဆိုသော စကားများနှင့်ပင် တူနေမည်လော။ ခေတ်ချင်းခြားနား၍ သဘာဝ

mgyoe.com

mgyoe.com


ချင်းမတူစေကာမူ၊ ရှေးကဦးအောင်ဇေယျတို့၏ အပြုအမူအဖြစ် အပျက် အကျင့်အကြံတို့သည် ပစ္စက္ခခေတ်၌ အခြေခံရမရကို စုံစမ်းရန် ဆက်လက်ဖတ်ကြည့်ရန် လိုပေလိမ့်မည်။

*

ဒေါ်ငြိမ်းဦးသည် မည်ကဲ့သို့သော မိန်းမအမျိုးအစားဟု စာဖတ်သူတို့ ရိပ်မိတန်သင့်၏။ ထိုခေတ် ထိုအခါက မင်းရှိန်စိုးရှိန်နှင့် မင်းမှုထမ်းတို့၏ ဩဇာအာဏာသည် အလွန်ပြင်းထန်စူးရှနေလေ၍ မင်းရေးစိုးခွင့်နှင့် အစွန်းမလွတ်သောစကားတို့ကို ပြောမိဆိုမိသောသူသည် ကြီးလေးသော ရာဇဝတ်မှုကြီးကို ပြုမိကျူးလွန်မိသောသူအဖြစ်နှင့် တွေ့ကြုံရဘိ၏။ ထို့ကြောင့် ပညာရှိတို့သည် မင်းရိပ်စိုးခွင့်နှင့် မကင်းသောစကားတို့ကို အတိအလင်း ထုတ်ဖော်မပြောဝံ့သာဘဲ စနည်း၊ တဘောင်၊ ဘဝေါ၊ တိတ်၊ နိမိတ် စသည်တို့ကို ပြုလုပ်၍ အရူးများဖြင့်ဖြစ်စေ၊ ဇာတ်သမားများအားဖြင့် ဖြစ်စေ၊ ကလေးများဖြင့်ဖြစ်စေ၊ တစ်နည်းနည်းနှင့်ဖြစ်စေ တို့ဖြင့်သာ ပေါ်ပေါက်စေကြရ၏။ ကိုယ်တိုင်ပြောဆိုခြင်းတို့ကိုကား မဝံ့စားကြပေ။ ဒေါ်ငြိမ်းဦးမှာကား သူ၏သားငယ်ကိုပင် မင်းဘုရင်လုပ်ချင်လျှင် ဘုရင်ဖြစ်နိုင်သည်ဟုပင် ပြောဝံ့ဆိုဝံ့ သတ္တိညွန့်သတ္တိစရှိပုံကို ထောက်ဆန္ဒိုင်းချိန်ရန် သင့်ပေသည်။ သူ၏သားငယ်ကိုပင် ဆယ်နှစ်အရွယ်လောက်ကပင် စေတီကြို စေတီကြား၊ သင်္ချိုင်းအကြိုအကြား၊ တောထဲများ၊ ချောင်းထဲများတို့သို့ လေးကလေးကိုယ်စီနှင့် လှည့်လည်ပြီးလျှင် ကစားနေကြ၍ ကြောက်ရမှန်း၊ လန့်ရမှန်း၊ ငိုရမှန်း၊ သူတစ်ပါးကို အားကိုးအားထားပြုရမှန်းတို့မသိကြသော လူတေကလေးများကဲ့သို့ ဖြစ်နေကြသဖြင့် ယခုခေတ်၌ ဆိုခဲ့ချေသော်တေလေလောင်း၊ ဂျပိုးလောင်းကလေးတွေဟု ဆိုကြ

mgyoe.com

mgyoe.com


ကောင်းဆိုကြပေလိမ့်မည်။ ဥရောပတိုက်၌လည်း နပိုလျှံ၊ ဝယ်လင်တန်၊ လော့ဂကလိုက်စသော ပုဂ္ဂိုလ်ကြီးများဖြစ်မည့်ကလေးများအကြောင်းကို ထောက်ဆကြည့်လျှင်လည်း ဒေါ်ငြိမ်းဦး၏သားကလေးတို့ ပြုမူကျင့်ကြံနေထိုင်ပုံတို့ကို အပြစ်ဆိုခြင်းမှ ကင်းသင့် မကင်းသင့်ဟု စဉ်းစားသင့်ပေသည်။ ထိုကလေးငယ်တို့သည် တစ်နေ့သောအခါ မိုးဦးကျစအခါ အောင်ဇေယျမွေးဖွားရာတွင် လျှောင်လှုပ်၍ ပေါ်လာသော ကိုးတောင်ဖို့ကုန်း၌ ဖွတ်တွင်းတူးရင်း ပတတ်တွင်းထိုးရင်းနေစဉ် လေပြင်းကျလာသောအခါ သစ်ပင်ကြီးတို့သည် ကျိုးပဲ့ကျသွားသည်တို့ကို....

"ဟေ...ကြည့်ဟေ့၊ လာပြန်ပြီ တစ်ခါ၊ သွားပြန်ပြီတစ်ခါ၊ ဟယ်... သစ်ကိုင်းကြီး ကျွမ်းထိုးသွားပြန်ပြီ"

စသည်တို့ဖြင့် အောင်ဇေယျတို့ညီအစ်ကိုတစ်စု ခေါင်းဆောင်လျက် ပျော်ပျော်ပါးပါးကြီး မိုးကြီးလေကြီးထဲတွင် ရယ်ကာမောကာ ပြောဆိုကာနှင့် နေကြလေ၏။ ၎င်းတို့သည် မိုးချုန်းသည်ကိုကား ဂရုပြုခြင်း၊ ပမာထားခြင်း မရှိကြ။ တစ်နေ့သ၌ ၎င်းတို့အနီးရှိ တူးရှင်းကြီးကို မိုးကြိုးပစ်ချလိုက်ရာ ထိုတူးရှင်းထားရာ တောင်ပို့ထဲသို့ လျှပ်စစ်မိုးကြိုးဝင်သွားသည်ဟု တောင်ပို့ကို တူးကြလေ၏။ ထိုကဲ့သို့ အကြောက်အလန့်မဲ့ ကလေးတို့ကို နွားကျောင်းသားတို့သည် ခေါ်ဆောင်လာခဲ့ကြ၍ မိဘတို့ထံ အပ်နှံကြလေလျှင် ဦးညိုစံသည် ဒေါ်ငြိမ်းဦးအား...

"ညည်းသားတွေကို ဆုံးမပါဦး"

ဆိုသဖြင့် ဒေါ်ငြိမ်းဦးလည်း သူ့သားများအား...

"သစ်ပင်ကြီးတွေ ကျိုးကျတာကို မင်းတို့ ဘယ်နေရာက ကြည့်နေသလဲ"

mgyoe.com

mgyoe.com


မေးရာ ခေါင်းဆောင်ဖြစ်သော အောင်ဇေယျက...

"ကျွန်တော်တို့ လွင်ပြင်ထဲက ဝမ်းလျားမှောက်ပြီး ကြည့်နေတယ် ခင်ဗျ"

ဆိုလေရာ မိခင်က...

"မိုးကြိုးပစ်တာကို မကြားကြဘူးလား"

ဟုမေးပြန်၍ အောင်ဇေယျကပင်....

"ဟုတ်တယ်အမေ၊ ကျွန်တော်တို့အနားက တူးရှင်းကိုမိုးကြိုးပစ်ပြီး မိုးကြိုးဟာ တောင်ပို့ထဲကို ဝင်သွားလို့ ကျွန်တော်တို့တူးပြီး ရှာကြသေးတယ်၊ မိုးကြိုးဟာ လူကိုကော ပစ်တတ်သလား၊ မပစ်အောင် ဘယ်လိုလုပ်ရသလဲ"

ဟု မေးလေ၍ မိခင်လည်းအောင်ဇေယျ၏ပခုံးကို ကိုင်လျက်–

"လူကိုတော့ မပစ်ပါဘူးကွယ်၊ ဒါပေမဲ့ မိုးကြိုးပစ်တဲ့အနားမှာ လူရှိရင် လူကိုလည်း စက်ကွင်းမိတတ်တယ်၊ ဒါကြောင့် သစ်ပင်ခြောက်ကြီးအနားနဲ့ ကုန်းမြင့်တောင်ပူစာတို့မှာ လေကြီးမိုးကြီးကျရင် မနေကောင်းဘူးကွယ့်၊ နေရင်လည်း ခမောက်ဆောင်းပြီး နေရမယ်၊ မင်းတို့ မိုးရွာတော့ ဘယ်မှာမိုးခိုနေသလဲ၊ အမေ့ကို ပြောစမ်းပါ"

ဆိုပြန်လေရာ အောင်မျိုးက...

"သစ်ပင်အောက်မှာ ခိုနေတာပေါ့ မေမေရယ်"

ဟုပြောလေ၍ မိခင်လည်း...

"နောက်ကို သစ်ပင်အောက်မှာ ခိုနေရင် သစ်ပင်ရင်းမှာကပ်ပြီး မိုးခိုရတယ်၊ ဒါမှ သစ်ကိုင်းကျိုးကျရင် လွတ်နိုင်တယ်ကွယ့်"

စသည်ဖြင့် သွန်သင်ပြောဆိုနေလေ၏။

*

mgyoe.com

mgyoe.com


ထိုကဲ့သို့လျှင် ဒေါ်ငြိမ်းဦးနှင့်သားများ ပြောဆိုနေသည်ကို ဦးညိုစံသည် ကြားလေလျှင်...

"အင်း...အမေကြီးက ဆုံးမပါလို့ ဆိုပါတယ်၊ တကတည်း မိုးတွေလေတွေထဲမှာ တိမ်းဖို့ရှောင်ဖို့နည်းတွေကိုတောင် သင်ပေးနေပြန်ပြီ၊ ဘယ်တော့ မိုးကြိုးပစ်သေကုန်မလဲ"

ဟု တောက်တီးမြည်တွန်နှင့်ပြောဆိုနေလေသော် ဒေါ်ငြိမ်းဦးလည်း ဦးညိုစံကိုပြုံးကာ ကြည့်လိုက်ပြီးလျှင်...

"ရှင့်... ဒီလိုကလေးတွေကို ကြောက်အောင် မခြောက်ပါနှင့်၊ စိတ်က ကောင်းစားဖို့ရန် ရွယ်မှန်းလာတဲ့ကလေးဟာ ဘယ်လိုရန်ဘေးနဲ့မှ မထိနိုင်ပါဘူးရှင့်၊ မဟာဝင်ထဲမှာပါတဲ့ စန္ဒဂုတ်တို့၊ သုသုနာဂတို့ အကြောင်းများကိုလည်း ထောက်ပါဦးရှင့်"

ဟုပြောဆိုသောအခါ ဦးညိုစံလည်း...

"အင်း....မအေကြီးနဲ့သားတွေတော့ကွယ်၊ ကြီးလာရင်တော့ အင်းဝရွှေမြို့တော်က ကြေးတိုက်ကြီးထဲကို ရောက်ကြဦးတော့မှာပဲ၊ အဲဒီကြေးတိုက်ကြီးဟာ နင်တို့သားအမိတစ်စုဖို့ လုပ်ထားတယ်လို့ ငါတော့ ထင်မိတာပါပဲ"

ဟု ပြောဆိုမြည်တွန်၍ အင်္ကျီကို ပခုံးတင်ပြီးလျှင် တောင်ယာတောသို့ ထွက်သွားလေ၏။

✱

တစ်နေ့သ၌လည်း အောင်မျှို့နှင့် အောင်ဇေယျသည် ရေနစ်နေ၍ တံငါတစ်ယောက်က ဆယ်ပြီးလျှင် ပို့လာရာ ဒေါ်ငြိမ်းဦးလည်း...

"နောင်ကို ရေမနစ်အောင် ကူးမှပေါ့၊ ရေမကူးတတ်သေးဘဲကိုး"

ဟုလောက်သာ ဆုံးမသဖြင့် ဦးညိုစံလည်း အိမ်ရှေ့သစ်ပင်ရိပ်တွင်

mgyoe.com

mgyoe.com


လမ်းလျှောက်နေရင်း...

"အင်း...မအေကောင်းနှင့် သားဟန်ကလောင်းတွေတော့ တွေ့နေပေါ့၊ ရေနစ်ပါတယ်လို့ လာပြီးပို့လာတာကို သားတွေကိုမရိုက်ဘဲ ရေမကူးတတ်သေးဘဲကိုးလို့...တယ်ပြီးကောင်းတဲ့ အဆုံးအမကြီးပဲ"

ဟု မြည်တွန်ပြီးသော် ဝါးခြမ်းပြားတစ်ပြားကိုယူ၍ အောင်ဇေယျတို့ညီအစ်ကိုအား ရိုက်မည်ပြုလေရာ အောင်ဇေယျတို့သည် အော်၍ သူတို့၏အမေအား ဖက်ထားကြလေ၏။ ဒေါ်ငြိမ်းဦးကလည်း လက်ကာလျက် တောင်းပန်သဖြင့် ဦးညိုစံသည် အိမ်ရှေ့ရှိသစ်ပင်ရိပ် ကွပ်ပျစ်ပေါ်တွင်....

"အင်း....သည်သားတွေနှင့် သည်အမေတော့ ကြီးရင် ခက်ချေကွယ့်"

ဟု ညည်းညူလျက် ဆောင့်ကြောင့်ထိုင်ကာ ဆေးတံခဲ၍ နေလေ၏။

*

ထိုသို့လျှင် ဒေါ်ငြိမ်းဦးနှင့် သူ့သားများငယ်စဉ်က ထိန်းသိမ်းပြုပြင်မှုများတွင် သိမှတ်ဖွယ်အနည်းငယ်မျှလောက်ကိုသာ ဖော်ထုတ်ပြဆိုခဲ့သည်ကို စဉ်းစားကြည့်၍ ယခုကာလ မိခင်တို့နှင့် ချိန်ထိုးပေးသင့်သည်။ သားသမီးများကို နှိပ်ကွပ်ပြီးလျှင် ဖိညှပ်ထားခြင်းသည် စာပေပညာ၌ အခေါင်အဖျားရောက်၊ တတ်မြောက်၍ မင်းခယောက်ျားအရာရှိကြီးများ ဖြစ်နိုင်တတ်သော်လည်း လောင်းရိပ်မိသော သစ်ပင်ကဲ့သို့ အရှိန်ရှိသမျှ အခြေရှိသမျှလောက် တင့်လမ်းမစည်ကားနိုင်ဘိသည်အလား လောက၌ထူးချွန်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ လောကကိုဖွင့်ပေးသည့် လောကရှေ့ပြေး၊ လောကခေါင်းဆောင်အဖြစ်နှင့် ဖြစ်နိုင်ခဲ့လေသည်။ မိဘတို့သည်လည်း ကလေးများကိုမသွန်သင်ဘဲ ဖိစီး

mgyoe.com

mgyoe.com


နှိပ်ကွပ်ထားသည်သာများ၍ သားသမီးကောင်းမိဘဖြစ်ရန်ထက် မိဘကောင်းသားသမီးဖြစ်ရန်သာ အလွန်အရေးကြီးလေသည်။ လောကီအိမ်ထောင်သည်ဘဝနှင့် နေရရာတွင်လည်း သားသမီးတို့ကို ကျွေးရန်ထက် လူလားမြောက်အောင် မွေးဖို့အရေးသည် အလွန့်အလွန်ခက်ခဲကြောင်းကို ဟုတ်တိပတ်တိ ခေါင်းဆောင်လူကောင်းတို့မရှိသည့် တိုင်းပြည်တစ်ပြည်၏အကြောင်းကို ထောက်ဆလျှင် သိသာလွယ်ကူပေလိမ့်မည်။ အောင်ဇေယျ၏ အကြောင်းကိုလည်း မကောင်းစားမိမည်ကဲ့သို့ဟု ဆက်လက်ဖတ်ကြည့်ကြပါဦးစို့။

❑

mgyoe.com

mgyoe.com

## (ခ) ကျောင်းသား လူတေကလေး

ထို လူတေ လူပေကလေးသည် ဦးအောင်ဇေယျဖြစ်သည့် သူငယ်ကလေးပင်ဖြစ်လေသည်။ ၎င်းသည် ဆယ်နှစ်သားကစ၍ ဘုန်းတော်ကြီးတစ်ပါးထံ၌ စာပေသင်ကြားလျက်ရှိလေ၏။ အောင်ဇေယျ၏ မိခင်နှင့် သားငယ်တို့အကြောင်းကို စာဖတ်သူတို့သည် လိပ်ပတ်လည်လည် သိသင့်ကြချေပြီ။ အရပ်ထဲမှ လူပေါင်းများစွာတို့ကလည်း တကယ့်သားတွေ၊ မိမဆုံးမသားတွေ၊ ကြီးရင် ထောင်စာ၊ တန်းစာတွေဖြစ်ကုန်မှာပဲဟုရှုံ့ကာ မဲ့ကာ လက်ညှိုးထိုးကာနှင့် စကားတင်းဆို၍ ကဲ့ရဲ့သင်္ကြိုဟ်ကုန်ကြလေ၏။ သို့ရာတွင် ဦးညိုစံနှင့် ဒေါ်ငြိမ်းဦးတို့မှာ မျက်နှာကြီးဖြစ်နေ၍ တော့တော့ထင်ထင် မပြောမဆိုဝံ့ကြချေ။ အောင်ဇေယျသည် ကျောင်းသားအဖြစ်၌ စိတ်ထားကြီးမြင့်လာသောသူဖြစ်သည့်အတိုင်း ကျောင်းသားချင်းရွယ်တူရွယ်မျှတို့တွင် ခေါင်းဆောင်ပြုလုပ်ပြီးသော် အရာရာမျိုး၌ ဆောင်ရွက်လေ့ရှိသည့်အပြင် အပေါင်းအဖော်တို့နှင့် စစ်ထိုးတမ်း၊ မင်းလုပ်တမ်းကစားလေ့ရှိသဖြင့် ဆရာဘုန်းတော်ကြီးသည် နွားကျောင်းသားစန္ဒကုတ်နှင့် ၎င်း၏မင်းဖြစ်

mgyoe.com

mgyoe.com


ပုံကို ပမာဆလျက် အောင်ဇေယျ၏အနာဂတ်ကို တွေးမြင်နိမိတ်ထင်ကာ ရှိလေဘိ၏။ သို့ရာတွင် အောင်ဇေယျသည် အစ်ကိုအောင်မျိုး၊ သူ့ညီ အောင်ဖြိုးတို့ကဲ့သို့ စာပေကျမ်းဂန်တို့မှာ မထက်မြက်။ သို့သော် အိန္ဒိယပြည်၌ ဘုရင်ခံချုပ်ပြုလုပ်၍ အိန္ဒိယတစ်ပြည်လုံးကို ဗြိတိသျှလူမျိုးတို့၏လက်အောက်သို့ သိမ်းသွင်းပေးလေသောပုဂ္ဂိုလ်ကြီးဖြစ်မည့် ကလိုဒ်ဆိုသောသူငယ်ကလေးလောက် အဆော့၊ အဆိုး၊ အတေ၊ အပေတို့၌ တူညီကောင်း တူညီလိမ့်မည်ဖြစ်သော်လည်း စာပေသင်ကြားရေး၌ကား မလစ်ဟင်းပေ။ ၎င်းသည် စာပေပညာသင်ကြားရေး၌ ချွတ်ယွင်းရသည်မှာ ၎င်း၏ဉာဏ်နုံ့ခြင်း၊ သမ္မာညံ့ခြင်း၊ ပျင်းရိပေါ့ဆခြင်းတို့ကြောင့်မဟုတ်။ ဆရာပြုလုပ်သူ၏ သင်ကြားပုံနည်းလမ်းတို့ ချွတ်ယွင်းခြင်းကြောင့် ဖြစ်ပုံရပေသည်။ (ဤကဲ့သို့လျှင် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးအချို့တို့သည် ပညာသင်ကြားရေးကို နားမလည်သော ဆရာတို့၏ ဖယ်ထုတ်ပယ်ရှားထားခြင်းကို ခံရလေသည်။) အကြောင်းကိုဆိုသော် အောင်ဇေယျသည် ဆရာဘုန်းတော်ကြီး၏ အဓိပ္ပာယ်မဲ့ကျက်မှတ်ရန်စာတို့ကို ဝါသနာကင်းမဲ့သည့်အတိုင်း မရမမိချေ။ (ဥပမာဆိုရသည်ရှိသော် အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း၊ မိတ်ဖက်ချင်း၊ ...အုန်းသီးဆက်လာ တောင်ကရွာမှာ၊ အုန်း တနင်္ဂနွေနေ့ကို အနောက်တောင်ထောင့်အရပ်မှာ နတ်နေသည် မှတ်ရမည်...စသော လောကီကျမ်းစာများတို့ကို မကျက်မမှတ်လို) သင်ပေးသော အခါများမှာလည်း အဘယ့်ကြောင့် တနင်္ဂနွေနှင့် ကြာသာပတေးဟာ မိတ်ဖက်ဖြစ်သလဲ၊ တနင်္ဂနွေနေ့တွင် အနောက်တောင်ထောင့်တွင် ဘာ့ကြောင့်နတ်နေရသလဲ၊ မြောက်မှာ ဘာ့ကြောင့်နတ်မနေရသလဲ၊ နတ်ဟာ ဘယ်လိုပုဂ္ဂိုလ်လဲ စသည်တို့ဖြင့် ဆင်ခြေဆင်လဲထုတ်၍သာ နေသဖြင့် ဆရာဘုန်းတော်ကြီး၏ အမုန်းတော်လူတေက

mgyoe.com

mgyoe.com


လေး တစ်ယောက်ဖြစ်သည့်အပြင် ကျောင်းသားပေါင်းများစွာတို့ကို စုဆောင်း၍ကျောင်းပြေးလေ့ရှိသောကြောင့်ဘုန်းတော်ကြီး၏ ဒဏ်ပေးဆုံးမခြင်းကိုလည်း ခဏခဏခံရရှာလေသည်။ ၎င်းသည် တစ်ဆယ့်လေးနှစ်သားအရွယ်သို့ ရောက်လတ်သော် ဆင်းရဲသောသူငယ်ချင်းများကို ငဲ့ညှာခြင်း၊ ကျောင်းသားငယ်များကို စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုလုပ်၍ မတရားသောသူတို့အပေါ်၌ ရက်စက်တတ်ခြင်း၊ သတ္တိရှိခြင်း စသည်တို့ကြောင့် သူတို့၏ကျောင်းသားတစ်စုတွင် အနည်းငယ်ထင်ရှားလာလေ၏။ ကစားခုန်စားခြင်း၊ ကျွဲနွားဖမ်းခြင်း စီးခြင်း၊ ကြိုးကွင်းပစ်ခြင်းစသည်တို့၌လည်း ခေါင်းဆောင်ပြုလုပ်လေ့ရှိသည့်အပြင် သူငယ်ချင်းတို့၏ အကောင်းအဆိုးဟူသမျှလောက်၌ပင် ခေါင်းဆောင်ပြုလုပ် တာဝန်ဝတ္တရားယူ၍ ဆောင်ရွက်လေ့ရှိလေ၏။

တစ်နေ့သ၌ ကျောင်းသားတို့သည် ထင်းခုတ်သွားကြသောအခါ တောင်သူကြီးတစ်ယောက်၏ ယာခင်း၌ ပဲစိမ်းစားဥများကို ရေဆာမွတ်သိပ်သဖြင့် တူးယူစားသောက်ကြရန် တိုင်ပင်ကြသောအခါ အောင်ဇေယျသည် ထိုသက်ကြီးအား သနားစရာကောင်းကြောင်းနှင့် အတန်တန်တောင်းပန်၍ မရသောအခါ ယာခင်းရှင်အဘိုးကြီးထံ ဝယ်ခြမ်းပြီးလျှင် ပေးပါမည်ဟု ပြောပြီးသော် ထိုယာခင်းရှင်ထံသို့ သွားရောက်ဝယ်ခြမ်းလေရာ တိုတောင်းလှသော ယာခင်းရှင်လည်း....

"ငါ့ယာခင်းထဲ၌ရှိသော စိမ်းစားဥများမှာ ငါ့အဖို့ လုံလောက်ရုံသာရှိသည်။ သူများကို မျှတရန်မရှိ"

ဟု တောက်တောက်ခါးခါး ပြောသည်ကို တောင်းပန်တိုးလျှိုးပြောဆိုဝယ်ခြမ်းပြန်သည်မှာ....

"ဘကြီး....ယခုကျွန်တော်တို့မှာ သောက်ရန် ရေကုန်သွား၍ ရေ

mgyoe.com

mgyoe.com


တွင်းတူးရာ ရေမရပါ၊ ရေမသောက်ရရင်လည်း ကျွန်တော်တို့ဒုက္ခဖြစ်ရပါတော့မယ်၊ ဒါကြောင့် ကျွန်တော်တို့ကို ညှာတာသနားပြီး စိမ်းစားဥ အနည်းငယ်မျှတပါ"

တိုတောင်းသောယာခင်းရှင်လည်း"ငါ့မှာ ပြောရန်စကားနှစ်ခွန်းမရှိ" ဟု ပြတ်ပြတ်တောင်းတောင်းပြောပြန်သည်ကိုပင် သည်းခံ၍ အကြိမ်ကြိမ်အဖန်ဖန်ရောင်းချပါဟု တောင်းပန်သော်လည်း မရလေရကား ငွေစတစ်ပဲကို တဲပေါ်သို့လွှင့်ပစ်တင်ခဲ့ပြီးလျှင်....

"ဘကြီးရောင်းချင်လည်းရောင်း၊ မရောင်းချင်လည်းနေ၊ ကျွန်တော်တို့ကတော့တူးပြီးဖော်စားမှာပဲ"

ဟုပြောပြီးသော် သူငယ်ချင်းတစ်စုတို့သည် တောင်ယာထဲ၌ စိမ်းစားဥများကို သူ့ထက်ငါတူးယက်ဖော်ယူစားသောက်ကြပြီးလျှင် ပြန်လာကြလေ၏။

ယာရှင် အဘိုးကြီးကလည်း အပေါင်းအဖော်တို့ကို စုရုံးခေါ်ငင်၍ ကျောင်းသားများကိုဆုံးမရန် လိုက်လာကြလေရာ အောင်ဇေယျတို့သည် ကုန်းမြင့်တစ်ခုကရပ်နေ၍ ခုခံအောင်နိုင်လိုက်လေ၏။ သို့ရာတွင် နောက်တစ်နေ့၌ ယာရှင်အဘိုးကြီးနှင့်လူတစ်စုတို့သည် ဘုန်းတော်ကြီးဘုရားထံ လာရောက်ကြ၍ အကြောင်းကို လျှောက်ထားလေရာ ကျောင်းသားကိုရင်စသည်တို့သည် သိကြလျက်နှင့်ပင် အောင်ဇေယျတို့လူတစ်စုကို ဖော်၍ ဘုန်းကြီးထံ မလျှောက်ထားကြဝံ့ဘဲ တိတ်ဆိတ်ငြိမ်ဝပ် လျက်ရှိနေကြလေရာ ဘုန်းတော်ကြီးသည်များစွာစိတ်ဆိုးလာသဖြင့် ဟစ်အော်ကြိမ်းမောင်းလျက် ကြိမ်လုံးတစ်လုံးနှင့် စကြံလျှောက်ကာ မြည်ဆို စစ်ဆေးနေလျှင် ကျောင်းသားကိုရင်အားလုံးတို့မှာလည်း မီးကိုရေနှင့်ငြိမ်းလိုက်သည်လောက်မျှပင် အသံမထွက်ဝံ့ဘဲ ခေါင်းကိုငုံ့၍သာ နေကြလေ၏။

mgyoe.com

mgyoe.com


ထိုအခါ အောင်ဇေယျသည် ရှေ့သို့တိုးလာပြီးလျှင်....

"စိမ်းစားဥများကို တူးယူတာဟာ တပည့်တော်ပါပဲ"

ဟုလျှောက်ထားလေ၏။ လျှောက်ထားလာသူ အားလုံးတို့သည်လည်း ရဲရင့်သော အောင်ဇေယျကိုကြည့်လျက် အံ့အားသင့်နေကြသည်ကာလ၊ ဘုန်းတော်ကြီးလည်း မှုန့်မှုန့်ညက်ညက်ချေလုမတတ် အောင်ဇေယျကို ကြည့်၍....

"နင့်အပြင် ဘယ်သူပါသေးလဲ ပြောဟဲ့"

ဆိုကာ စစ်ဆေးမေးမြန်းပြန်လေသည်။

ထိုအခါ အောင်ဇေယျက....

"သူများပါတာကို တပည့်တော်မလျှောက်ထားလိုပါ၊ တပည့်တော်ယူတာကိုသာ လျှောက်ပါတယ်"

ဟု လျှောက်ဆိုပြန်၍ ဘုန်းတော်ကြီးသည် သာ၍ဒေါသထွက်ပြီးလျှင်....

"နင့်အဖော်ပြောရင်ပြော မပြောရင် သေအောင်ရိုက်မယ်"

ဆိုကာ ကြိမ်းမောင်းပြန်လေလျှင်၊ အောင်ဇေယျလည်း....

"သူများအပြစ်ကို တပည့်တော်ပြောရင် တပည့်တော်လူကောင်းမဟုတ်နိုင်တော့ပါ၊ တပည့်တော်လူကောင်းဖြစ်ချင်လို့ တပည့်တော်ကိုယ်ကို တပည့်တော်ဖော်ပြီးလျှောက်ထားပါတယ်"

ဟုလျှောက်ပြန်သဖြင့် ဘုန်းတော်ကြီးလည်း....

"သယ်.... လားလား၊ နင်က တရားသံပေသံနဲ့၊ နန္ဒလောင်းနှယ်၊ နင့်အဖော်တွေကို နင့်ဖွင့်ပြောဟဲ့"

ဆို၍ ခြိမ်းခြောက်ပြန်လေရာ၊ အောင်ဇေယျမှာ တည်တံ့သောမျက်နှာနှင့်....

"တပည့်တော်သူတို့ကိုပြောရင် မတရားပြုကျင့်ရာရောက်ပါလိမ့်

mgyoe.com

mgyoe.com


မယ်၊ တပည့်တော်ကတားမြစ်ရင် သူတို့စိမ်းစားဥများကို တူးယူကြလိမ့်မယ်မဟုတ်ပါ၊ တပည့်တော်က စားချင်သူတူးယူကြဆိုလို့ တူးယူကြပါတယ် ဘုရား၊ ဒါကြောင့် အားလုံးရဲ့ အပြစ်များဟာ တပည့်တော်ရဲ့ အပြစ်ချည်းပါပဲ၊ အပြစ်အားလုံးကို တပည့်တော်စုပြီး ခံထိုက်လို့ ခံပါမယ် ဘုရား"

ဟူ၍ ရဲတင်းစွာလျှောက်ထားလေ၏။

ထိုအခါ ယာခင်းရှင်နှင့်လျှောက်ထားသူတို့သည် အောင်ဇေယျ၏ တည်ကြည်ရဲရင့်ခိုင်မြဲခြင်းကိုသဘောကျကြ၍....

"ကျောင်းသားများမှာ အပြစ်မရှိပါ၊ သူတို့မှာသာ အပြစ်ရှိပါသည်၊ ကျောင်းသားများ ရေဆာလို့ စိမ်းစားဥ ဝယ်တာကို မရောင်းလို့ သည်လိုဖြစ်ရပါတယ်"

လျှောက်ထားပြီးသော် ပြန်သွားကြလေ၏။

တစ်နေ့သ၌လည်း ကိုရင်ကြီးတစ်ပါးနှင့် ကျောင်းသားကိုရင်တစ်စုတို့သည် ဝါဆိုလ၌ ဝါဆိုမီးရှူးလုပ်ရန် စောင်ရင်းတန်း(စောင်ရမ်း) လုပ်ရန်၊ ကနုတ် သပ်ရန်တို့အတွက် ဝါးခုတ်သွားကြလေ၏။ ၎င်းတို့အထဲတွင် ကိုရင်ကြီးတစ်ပါးသည် ဘုန်းတော်ကြီး၏ အခန်းစိုးဖြစ်၍ ဘုန်းတော်ကြီးက အခြားကျောင်းသား ကိုရင်များတို့ထက် အရေးပေးထားသည့်အတိုင်း တစ်ကျောင်းလုံးတွင် များစွာသြဇာကြီးလျက်ရှိလေ၏။ ထိုကိုရင်ကြီးနှင့် အောင်ဇေယျမှလည်း တစောင်းစေးနှင့်မျက်ချေးဖြစ်၍ အောင်ဇေယျ၏ မကောင်းသတင်းအရပ်ရပ်ကို ဘုန်းတော်ကြီးထံ၌ ကိုရင်ကြီးသည် အမြဲတိုက်လျက် ရှိလေ၏။ ၎င်းကို အောင်ဇေယျသည် သိသော်လည်း အမျက်မထားဘဲ ရောရောဝင်ဝင်မျှမျှတတပင် နေထိုင်လေ၏။ ထိုသို့ ဝါးခုတ်သွားရာ၌လည်း ဘုန်းတော်ကြီး၏ အခန်းစိုးနှင့်အတူ ဘုန်းတော်ကြီးမြတ်နိုးနေသော ခွေးဖြူကလေးတစ်

mgyoe.com

mgyoe.com


ကောင်သည် ပါလာလေ၏။ ကျောင်းသားကိုရင်တို့သည် အသီးသီး ဝါးခုတ်သူခုတ်၊ သယ်ယူသူသယ်နှင့် နေကြသည်တွင် ကိုရင်ကြီးမှာ မူကား အခြားသူတို့ကို ညွှန်ကြားပေးလျက် ခွေးတစ်ကောင်နှင့် ကစားကာ သာရှိနေလေရာ၊ ကျားသစ်တစ်ကောင်သည် ထိုခွေးကို ရုတ်ခြည်းအုပ် ၍ ခဲလေ၏။ ကိုရင်ကြီးသည် ကျားသစ်ကိုထ၍၊ ဓားနှင့်ခုတ်မည်အပြု တွင် ကိုရင်ကြီး၏လက်ကို ကျားသစ်သည်မလွှတ်ဘဲ ခဲထားသဖြင့် ငယ်သံပါအောင် အော်လေလျှင် အဖော်အပေါင်းတို့မှာ ထွက်ပြေးသူ ပြေး၊ ငေး၍ ကြည့်နေသူနေကြလျက်ရှိရာတွင် အောင်ဇေယျမှာမူကား စဉ်းစားပြီးသော် "ငါဟာ ကျားသစ်ရဲ့ ရှေ့က သွားကူရင် ကိုရင်ကြီး ကို လွှတ်ပြီး ငါ့ကိုကိုက်ဦးတော့မှာပဲ"

ဟု ယူဆ၍ ငါးပိသာကျော်ကျော်ခန့်လေးသော ကျောက်တုံးတစ် တုံးကို ချီမပြီးသော် ကျားသစ်၏ နောက်ဘက်ကနေ၍ ခါးဆုံကို တစ် အားကုန်လွှတ်ကာ ထုလိုက်လေ၏။ ကျားသစ်လည်းခါးကျိုးပြီးသော် ပါစပ်ဟလာရလေကား ကိုရင်ကြီးသည်ကျားသစ်ဘေးမှ လွတ်ရလေ ၏။ ကျားသစ်လည်း ခါးတရွတ်ဆွဲကာ ဟိန်းလျက်လူများကို တရန်း ရန်းနှင့် လိုက်၍နေလေရာ အောင်ဇေယျသည် ခွေးကျိုးကို ကစားသကဲ့ သို့ ကျားသစ်နှင့်အတော်ကြာကစားပြီးနောက် အဆုံးစီရင်ရန် သူငယ် ချင်းများ၏ လက်သို့အပ်လိုက်လေ၏။

ထိုသို့သော အောင်ဇေယျ၏ ထူးခြားသောစွမ်းရည်တို့ကြောင့် ရန်သူဖြစ်သော ကိုရင်ကြီးသည် ကျိုးနွံလာလျက် ကျောင်းသားအား လုံးတို့ကလည်း ရှေးကထက်ကိုးစားအားထားကြပြီးလျှင် ၎င်းတို့၏ ခေါင်းသူကြီးအဖြစ်ကို တင်မြှောက်ထားကြလေ၍ တစ်နေ့သ၌လည်း အရပ်ရပ်သို့လှည့်လည်လာသော ရှမ်းဆရာကြီးတစ်ယောက်သည် ၎င်း တို့၏ကျောင်းသို့ ရောက်လာ၍ ဇရပ်တွင် တည်းခိုနေထိုင်ပြီးလျှင်

mgyoe.com

mgyoe.com


အရပ်ထဲမှ ကာလသားအချို့တို့နှင့် ကျောင်းသားအချို့တို့အား မျက်နှာပွင့်ဆေး၊ စားခွက်နှိုက်ဆေး၊ မြွေဆေး၊ ကြိုးကြိမ်တုတ်၊ အုတ်တဘောင် အစရှိသော ကာယသိဒ္ဓိဆေး စသည်တို့ကို ပွဲတင်ခယူပြီးလျှင် ထိုးနှံပေးလေ၏။ ကျေးရွာသားတို့ကလည်း ထိုရှမ်းဆရာကြီးသည် ပြုစားတတ်သည်။ ဆယ့်နှစ်ကြိုးရသည်ဟု အထင်ကြီးကြလျက်များစွာ ကြောက်ရွံ့ရိုသေကြပြီးလျှင် စားဦးစားဖျားများကို လာရောက်ပို့ကြလေ၏။ အောင်ဖေယျမှာကား ထိုရှမ်းဆရာသည် တစ်ကိုယ်လုံးကိုအလပ်မရှိအောင် ဆေးနီဆေးမည်းများထိုးလျက် အရပ်ရပ်ကိုလှည့်လည်ကာ လိမ်၍စားသောက်နေသည်ဟု အယူရှိပြီးလျှင်....

"ဆရာကြီးမှာတော့ ပီယဆေးများ ထိုးနှံမထားဘူးလားခင်ဗျ"

ဟု မေးမြန်းပြောဆိုရာ ထိုရှမ်းဆရာကြီးက....

"ကြည့်ပါလား မောင်ရယ်၊ ဟောသည်သူရသတီရုပ်ဟာ မျက်နှာပွင့်ဆေးပေါ့၊ နှယ်နှယ်မဟုတ်ဘူးမောင်၊ ပီယမှာတော့ ခေါင့်ထက်ခေါင်မောင်ရယ်"

ဟု ဆိုသဖြင့် အောင်ဖေယျသည် ရယ်လျက်

"ဩော်... ဟုတ်လှချည်လားဗျာ။ ဒါနှင့်ပဲ မင်းသမီး၊ သူဌေးသမီးများကို ရအောင်မယူဘဲ အရပ်တကာလယ်ပြီး ပွဲတင်ခကလေးတစ်မူးတစ်မတ်ယူကာ ဆေးထိုးစားနေပေသေးသကိုး"

ဟု ပြောလိုက်လေရာ ရှမ်းဆရာကြီးသည် အောင်ဖေယျကို သေချာစွာကြည့်ပြီးလျှင်...

"မောင်က မယုံဘူးထင်တယ်၊ လူကလေးက မင်းပုံပေါ်ပါဘိသနဲ့၊ တယ်ပြီးအင်္ဂါရုပ်ကောင်းလှပါကလား၊ မောင့်ကိုတော့ ဆရာက မေတ္တာရှိလို့ ဆေးအလကားထိုးပေးမယ်၊ ထိုးမလား"

ဟုမေးလေရာ အောင်ဖေယျက....

mgyoe.com

mgyoe.com


"မမြှောက်ပါနဲ့ဆရာ၊ ဆေးမထိုးချင်ပါဘူး၊ သူများချစ်တာကို လည်း မလိုပါဘူး၊ သူတကာက ဝိုင်းပြီးချစ်ရင်ပဲ့ကုန်မှာပေါ့"

ဆိုကာ လှောင်ပြောင်ကာလ၊ ရှမ်းဆရာကြီးကလည်း....

"အဟုတ်၊ မောင့်ကိုမေတ္တာနှင့်ပြောတာပါမောင်၊ ယုံယုံကြည် ကြည်နှင့် ဆေးထိုးနှံထားဖို့ တော်တယ်၊ ကြိုးကြိမ်တုတ်အုတ်တ တောင် ခံဆေး၊ သေနတ်ပြီးဆေးများကို ထိုးပေးမယ်၊ မလိုဘူးလား"

စသည်ဖြင့် ချော့ချော့မော့မော့ ပြောဆိုလေ၏။ ထိုအခါ အောင်ဇေယျက....

"ဆရာကြီးမှာကော ထိုးမထားဘူးလား"

မေးမြန်းပြန်ရာ ရှမ်းဆရာက....

"ကြည့်ပါလားမောင်ရယ်၊ ဟောသည်ဆေးအနက်တွေဟာ ကာယ သဒ္ဒိဆေးတွေချည်းပေါ့"

ပြန်ပြောလေ၍....

"ကောင်းပါပြီ ဆရာရယ်၊ ဒါဖြင့် ဆရာ့ကို ကြိမ်နှင့်ခြောက်ချက် သာ ရိုက်ပါရစေ၊ ခံနိုင်ပါ့မလား"

ဆိုဆိုပြောပြောနှင့် အောင်ဇေယျသည် ရှမ်းဆရာကြီး၏ ဆေး ကြိမ်လုံးကို ဆွဲယူ၍ ရိုက်မည်ပြုသောအခါ ရှမ်းဆရာကြီးသည် ဆေး လွယ်အိတ်နှင့် ဝန်စည်စလယ်တို့ကို ယူပြီးလျှင် ၎င်း၏ကြိမ်လုံးကိုမျှ မတောင်းယူနိုင်ဘဲ အရပ်တစ်ပါးသို့ လျင်မြန်စွာ ထွက်ခွာပြေးသွား ၏။ ထိုအဖြစ်အပျက်ကို စာဖတ်သူတို့ စဉ်းစားဆင်ခြင်ဖို့လို၏။

အောင်ဇေယျသည် ဆိုးသွမ်းသလော၊ ရှမ်းဆရာကြီးပင် ညာနေ သလော။ ထိုကဲ့သို့ ရှမ်းဆရာမျိုးသည် ယခုခေတ်၌ရှိလေသေးသ လော။ တိုင်းပြည်၌ ၎င်းတို့အတွက် အကျိုးရှိသလော၊ သို့မဟုတ် အပြစ်ရှိသလော၊ စာဖတ်သူတို့၏ စွမ်းရည်ဉာဏ်ကို အလဟဿပစ်မ

mgyoe.com

mgyoe.com


ထားဘဲ ထိုကိစ္စကိုမူ ဆင်ခြင်သုံးသပ်စုံစမ်းဖို့ အရေးကြီးသင့်၏။ ထို့ပြင်မှတစ်ပါး အောင်ဇေယျ၏ ကျောင်းသားဘဝ၌ သူမတူထူးခြားပုံတို့ကို အကုန်အစင်ချည်ငင်သကဲ့သို့ ငင်လျက်ဖော်ပြရချေသော် အဝင်ကြီး၍ စာဖတ်သူတို့မငြီးငွေ့စေကာမူ စာမပြီးနိုင်ဘဲရှိမည်ဖြစ်သော်လည်း မှတ်သားဖွယ် တစ်ခုကို ဖော်ပြသင့်သည်အတိုင်း ဖော်ပြရဦးမည်မှာ။

၎င်းတို့၏ကျောင်း၌ ကပ္ပိယကြီးတစ်ယောက်သည် ရှိ၍ ထိုကပ္ပိယကြီးသည် ကျောင်းသားတို့၏အပြစ်ကို ဘုန်းတော်ကြီးထံ၌ ခဏခဏတိုင်တန်းသဖြင့် ကျောင်းသားများသည် ကပ္ပိယကြီးကိုကြောက်ရွံ့ခရမ်းကြရ၏။ အောင်ဇေယျမှာကား ထိုကပ္ပိယကြီးကို ယမနေသားဘိုးသူတော်ရုပ်ပမာ ထား၍ ခဏခဏပြက်ရယ်စကား ပြောကြားခြင်း၊ လှောင်ပြောင်ခြင်း၊ အဖျင်းပြောခြင်း စသည်တို့ကို ပြုတတ်သဖြင့် ကပ္ပိယကြီးသည် အောင်ဇေယျကို အလွန်မုန်းထားလျက်ရှိလေ၏။ အောင်ဇေယျသည် တစ်နေ့သ၌ ကျောင်းသားတို့နှင့် ရွာက ကိုးကွယ်ထားသော နတ်ကွန်းသို့သွားရောက်၍ နတ်ရုပ်ကြီးအား....

"အသင်နတ်မင်း ကျွန်တော်တို့ကျောင်းမှာ ဆိုးသွမ်းညစ်ညမ်းသော ကပ္ပိယကြီးတစ်ယောက်ရှိပါသည်။ ထိုကပ္ပိယကြီးကို အိပ်ရာမှ မထနိုင်အောင် ဖမ်းတော်မူပါ၊ ကျွန်တော်တို့ကြက်ဖြူတစ်ကောင်နှင့် ပူဇော်ပသတင်မြှောက်ပါသည်"

ဟု ပူဇော်ပသတင်မြှောက်၍ ပြန်လာကြလေ၏။ ၎င်းနောက် ငါးရက်မျှကြာလှလည်း ကပ္ပိယကြီးမှာ ဥပဒ်တစ်စုံတစ်ရာမဖြစ်ဘဲ ပကတိအတိုင်း ရှိနေရုံမျှမက အောင်ဇေယျတို့တစ်စုအား တစ်စုံတစ်ခုသော ပြစ်မှုအတွက် ဘုန်းတော်ကြီးထံတွင် တိုင်ကြားသဖြင့် ၎င်းတို့သည် ဒဏ်ခံကြရလေ၏။ ထိုအခါ အောင်ဇေယျနှင့် ရဲရင့်ဝံ့စား

mgyoe.com

mgyoe.com


သော ကျောင်းသားတစ်စုသည် နတ်ကွန်းသို့သွားရောက်ပြီးသော်....

"အသင်နတ်မင်းအား ကပ္ပိယကြီးအား ဖမ်းပါဟုကြက်ဖြူတစ်ကောင်နှင့် ပူဇော်ပသပါသည်၊ ယနေ့တိုင် ကပ္ပိယကြီးမှာ ဘာမျှမဖြစ်ပါ၊ ဒါကြောင့် ကျွန်တော်တို့ ကြက်မကိုပြန်ပေးပါ"

ဟု ပြောဆိုပြီးသော် ၎င်းတို့၏ကြက်မကို ဖမ်းယူချက်စားပြီးနောက်၊ နောက်နေ့နောက်နေ့တို့တွင် အခြားသူတို့ပသထားသောကြက်များကိုပါ ဖမ်းယူစားသောက်၍ ကုန်ရုံမျှမက နတ်စင်ကိုချိုး၍ ထင်းစိုက်လိုက်ခြင်း၊ နတ်ရုပ်ကိုခွဲ၍ ထင်းဆိုက်ခြင်းတို့ကြောင့်၊ နတ်စင်ပျက်စီးယိုယွင်းပြီးလျှင် နတ်ရုပ်ပင်ပျောက်ကွယ်သွားလေ၏။

ထိုအခါ တစ်ရွာလုံးသည် နတ်စင်ပျက်စီးခြင်း၊ နတ်ရုပ်ပျောက်သွားခြင်းတို့ကြောင့် ဆူညံလှုပ်ရှားလျက်ရှိသည့်အပြင် နတ်ဝင်ကတော် အထိန်းတော်တို့ကလည်း နတ်ဝင်(နတ်ပူး) ၍

"ငါ့နတ်စင်ကိုအမြန်ပြန်ပေးရမယ်၊ နတ်ရုပ်အစားထားရမယ်"

ဟု ကြိမ်းမောင်းပြောဆိုလျက် ခြိမ်းခြောက်မောင်းမဲနေလေ၏။ အောင်ဇေယျ၏ ဖခင်နှင့် ရပ်ရွာလူကြီးတို့ကလည်း နတ်ကွန်းမှကြက်များကို မည်သူဖမ်းစားသနည်း။ နတ်ကွန်းကို မည်သူဖျက်ဆီးသနည်းဟု စုံစမ်းလျက်ရှိကြရာ အောင်ဇေယျတို့ကို အထင်မကင်းရှိကြသော်လည်း မည်သူကမျှအတပ်မစွဲနိုင်ရှိကြတကား ဘုန်းတော်ကြီးထံသို့ အောင်ဇေယျတို့ကို စစ်ဆေးရန် လျှောက်ထားကြရလေ၏။

ထိုအခါ အောင်ဇေယျသည် လူကြီးများရှေ့၌ သူ့ဆရာအား လျှောက်ထားသည်မှာ....

"နတ်မင်းရဲ့ကြက်တွေပျောက်တာ၊ နတ်ရုပ်ပျောက်တာတို့ကို တပည့်တော်တို့အား စစ်ဆေးဖို့လိုမယ်မထင်ပါဘုရား၊ သည်နတ်ဟာ တကယ်လို့တန်ခိုးရှိခဲ့ရင် သူ့ကြက်များနဲ့သူ့ရုပ်ပုံကို မပျောက်မပျက်ရ

mgyoe.com

mgyoe.com


အောင် စောင့်ရှောက်နိုင်ဖို့ သင့်ပါတယ်၊ ယူသွားတဲ့သူကိုလည်း ဖမ်းနိုင်ဖို့ သင့်ပါတယ်၊ သို့မဟုတ် ဘယ်သူ ယူသွားတယ်လို့လည်း မည်မည်ရရ ပူးပြီးပြောနိုင်ဖို့သင့်ပါတယ်၊ ယခုမှာတော့ နတ်ပျောက်တာကို လူလိုက်ရှာဖို့ဟာ ရယ်ဖွယ်ရာဖြစ်တဲ့အပြင် နတ်ကတော်နတ်ထိန်းတို့ကလည်း ပူးပူးပြီး အော်နေတာဟာ ညာတာနဲ့ တူပါတယ်၊ တကယ်သာ နတ်ပူးရိုးမှန်ခဲ့ရင် သည်လိုအောင်ဖို့မလိုပါ၊ မည်မည်ရရ မည်သူမည်ဝါ ယူတယ်လို့သာ ပြောဖို့သင့်ပါတယ်၊ သူ့ရုပ်ပုံနှင့် သူ့ကြက်ကိုမှ မထိန်းနိုင်မသိမ်းနိုင်တဲ့နတ်ဟာလည်း မည်သူ့ကို ထိန်းသိမ်းနိုင်ဦးမှာလဲ၊ သည်နတ်ကိုကိုးကွယ်တာဟာ အပိုသက်သက်နှင့် တူပါတယ်၊ ဒါကြောင့် တပည့်တော်တို့ကိုလည်း စစ်ကြောမေး မြန်းဖို့ လိုမည်မထင်ပါဘုရား"

ထိုအခါ အောင်ဇေယျ၏ဖခင်မှာ ဒေါသကြီးစွာဖြင့်....

"နင်ပဲ နတ်ရုပ်ကိုခိုးမယ်... နင်ဟာ...."

ဟုပြောဆိုပြီးလျှင် ရိုက်မောင်း ပုတ်မောင်းပြုတော့မည်ခဏ၌ ဘုန်းတော်ကြီးက.....

"နေပါဦးလေ... ဒကာကြီး၊ သင့်စကားကိုလည်း အမှားအမှန်စဉ်းစားဖို့ သင့်ပါသေးတယ်"

ဟု ပြောဆိုတားဆီးလေရာ အခြားလူကြီးတစ်ယောက်ကလည်း...

"ဟုတ်ပါရယ်.... အောင်ဇေယျပြောတာလိုပဲ နတ်ဟာ တန်ခိုးရှိရင် ဘယ်သူယူတယ်လို့ ပြောနိုင်ဖို့သင့်ပါတယ်၊ ယခုတော့လူတွေကို စိတ်မချမ်းမသာအောင် အလကားပဲ ကြိမ်းမောင်းနေတယ်၊ တပည့်တော်ဖြင့် နတ်ကွန်းတစ်ခုလုံးကိုသာ အောင်ဇေယျတို့အား အပ်လိုက်ချင်တော့တာပါပဲ"

ဟု ပြောဆိုလိုက်၍ ဝါးခနဲ ရယ်မောကြလေ၏။

mgyoe.com

mgyoe.com


ထိုအချက်စုဌ် အောင်ဇေယျကို ဖျက်ဆီးနှောင့်ယှက်သော လူ့ကျိုးကန်းဟု အပြစ်ဆိုမည်လော။ လူကြီးတို့ကိုပင် သူတို့နတ်အားလေးမြတ်ပါပေသည်ဟု ချီးမွမ်းမည်လော။ စာဖတ်သူတို့သည် မည်ကဲ့သို့ ကောက်ချက်ချကြမည်နည်း။ အောင်ဇေယျသည်ကား စုန်းကိုမကြောက်၊ နတ်ကိုမထောက်၊ ဗေဒင်ကိုလှောင်၊ နတ်ဝင်ကိုပြောင်လျက်ရှိသော လူတေကလေးတစ်ယောက်ဖြစ်သောကြောင့် ဗေဒင်ဆရာနှင့်နတ်ဝင်တို့သည် အောင်ဇေယျကိုချော့၍ ပေါင်းကြရသည့်အပြင် အောင်ဇေယျအလိုကိုလည်း လိုက်လျောကြရလေ၏။ အောင်ဇေယျ၏မိခင်မှာကား သူ့သားဓာတ်ကိုသိ၍ ချော့ပြီးလျှင်....

"အောင်ဇေယျ၊ မင်းသည်လိုဆိုးတာဟာ ကောင်းသလား၊ နတ်ဆိုတာ ရွာဦးရွာထိပ်က ထားပြီးကိုးကွယ်ကြရတယ်၊ တကယ်လို့နတ်ဟာ ဖမ်းနိုင်ရင် မခက်ပေဘူးလား၊ အများကိုးကွယ်နေတဲ့နတ်ကို သည်လို ဝှက်ထားရင် အများကမုန်းတတ်တယ်၊ အများကမုန်းရင် ဘာကောင်းမလဲ၊ ပြန်ပြီးတော့ ထားလိုက်ပါကွယ်၊ အမေနတ်ဝင်သည်တွေထံက တစ်စုံတစ်ရာပြောပေးပါ့မယ်"

ဟု ပြောဆိုရာ....

"နတ်ရုပ်ကို ယူထားရင်သူများမုန်းမှာလား၊ သူတို့ဖမ်းတဲ့နတ်ကို ယူထားရင် သာပြီးမချစ်ဘူးလား"

ဟု ပြန်ပြောလေ၏။ ထိုအခါ မိခင်က....

"သြော်....အမေ့သားကြပ်ကြပ်ကြီး စဉ်းစားပါဦး၊ လူဟာ သည်လို အသိတရားရှိရင် သည်လိုပဲ အောက်ကျနောက်ကျဖြစ်နေပါ့မလား၊ ဖမ်းနေတဲ့နတ်ကိုမှ များများကိုးကွယ်တယ်၊ ဆိုးတဲ့မင်းကိုမှ များများကြီးကြောက်တယ်၊ ဖမ်းတဲ့နတ် ဆိုးတဲ့မင်းနှင့်မနေရရင် လူများဟာ စိတ်ညစ်ပြီးအိမ်သားချင်းတောင်မတည့်တတ်ဘူးတဲ့၊ ငါ့သား နတ်ရုပ်

mgyoe.com

mgyoe.com


ကို ပြန်ထားလိုက်ပါကွယ်"

ဟု ဆုံးမပြောဆိုလေ၍....

"အမေ နတ်ရုပ်ကြီးမရှိတော့ဘူး၊ ကျွန်တော်တို့ ထင်းခွဲဆိုက်လိုက်ပြီ"

ဟု အောင်ဇေယျသည် ပြောပြသဖြင့် မိခင်လည်း တစ်ဖက်သို့ လှည့်ကာ ပြုံးနေရှာလေ၏။

*

အောင်ဇေယျသည်လည်း တစ်ရွာလုံးစိတ်မချမ်းမသာနေသည်ကို သိ၍ ပပျောက်စိမ့်သောငှာ၊ သူတို့၏ကျောင်းမှ ကပ္ပိယကြီးထံသို့ ကပ်၍....

"ဘကြီးမသိသေးဘူးလား၊ ယခု နတ်ရုပ်ပျောက်တဲ့ကိစ္စမှာ ရွာထဲက ဘကြီးကို ယိုးစွပ်နေပကော"

ဟု ပြောပြလေရာ ကပ္ပိယကြီးသည် မျက်စိမျက်ဆံပြူး၍....

"ဟယ်....မဟုတ်တာ၊ ငါနဲ့ ဘာဆိုင်သတဲ့လဲ"

ဟု အံ့အားသင့်စွာနှင့် ပြောဆိုလေရာ အောင်ဇေယျက.....

"ဘကြီးမဆိုင်ဘူးလုပ်မနေနဲ့၊ တစ်ရွာလုံး တိုးတိုး–တိုးတိုးနဲ့ ဘကြီးကိုပဲ ခေါင်းချင်းရိုက်နေကြတယ်"

ဟု မျက်နှာပိုးသတ်ကာ ပြောလေရာ....

"ဟင် အဲ့ဒါခက်တာပဲကွယ်၊ အဟုတ်ပဲ ငါ့ကိုယိုးနေကြသလား၊ ဘာကြောင့် ယိုးစွပ်နိုင်သတဲ့လဲ"

ဟု ကပ္ပိယကြီးသည် အထိတ်ထိတ်အလန့်လန့်နှင့် ပြောဆိုလေ၏။

ထိုအခါ အောင်ဇေယျက....

mgyoe.com

mgyoe.com


"ဘကြီး ခုမှကွယ်ပြီးမနေပါနဲ့၊ အဟုတ်ကို ဘကြီးကိုပဲယိုးစွပ်နေကုန်ပြီ၊ တစ်နေ့က ဘကြီးတို့ဘုမ္မိရတ်ဆေးထဲမှာ ထည့်ဖို့လို့ နတ်ခြေသည်း၊ လက်သည်း၊ မျက်လုံးတို့အား သွားပြီးယူတာကို မြင်ကြသတဲ့"

"နတ်က သူမှာခြေသည်းလက်သည်းလည်းမရှိ၊ မျက်လုံးလည်းမရှိလေတော့ ရှက်လို့တောထဲကို ဆင်းပြေးသတဲ့၊ အဲ့ဒါဟာ ဘကြီးကြောင့်ပဲ၊ ကိုင်း....ဘကြီး ဘယ်လိုလုပ်မလဲ"

ဆိုလေရာ ကပ္ပိယကြီးလည်း....

"အောင်ဇေယျရယ် ငါဘုမ္မိရတ်ဆေးဖော်စုတာတော့အမှန်ပါပဲကွယ်၊ ဒါပေမဲ့ နတ်မျက်လုံးနဲ့ ခြေသည်း၊ လက်သည်းတွေကို မယူရသေးပါဘူး၊ အထင်ဦးနေပြီ အောင်ဇေယျရဲ့၊ ဒါဟာ အခက်ဆုံးပဲ"

ဟု ဆိုကာ အကြံခက်လျက် ရှိနေရာ....

"ဘကြီးကာကွယ်မနေပါနဲ့၊ ကျွန်တော်ကလည်း အရပ်ထဲသွားပြီး မပြောပါဘူး၊ ဘုမ္မိရတ်ဆေးထဲမှာ နတ်ခြေသည်း၊ လက်သည်း တစ်ထောင်၊ နတ်မျက်စိ တစ်ထောင်တို့ပါတာကို ကျွန်တော်သိပါတယ်၊ ဘကြီးဟာ အခုမယူသေးပေမယ်လို့ နောင်ကို ယူမှာပဲ၊ အဲဒါကို ကြောက်လို့နတ်က ထွက်ပြေးနှင့်တာ အမှန်ပဲ၊ ယခုတော့ ဘကြီးယူတယ်လို့ မြင်တဲ့လူရှိနေတယ်၊ စင်စစ်နတ်က ယူမှာစိုးလို့ ကိုယ်ယောင်ဆောင်ပြတယ် ထင်ပါတယ်"

ဟု အောင်ဇေယျသည်တိုး၍ ခြောက်လန့်လိုက်လေရာ ကပ္ပိယကြီးလည်း ထိတ်လန့်အံ့ဩသောမျက်နှာနှင့် ကြံရာမရဘဲ နဖူးမှ ချွေးစီးကျလျက် အောင်ဇေယျကို ငါ့မြေး မင်းကြံနိုင်လျှင်ကြံပါဟု ဆိုလိုသောသဘောနှင့် ကြည့်၍နေသည်တွင် အောင်ဇေယျသည် အကြံရသည့်လက္ခဏာဖြင့်.....

mgyoe.com

mgyoe.com


"ဘကြီး နတ်ရုပ်ပုံခြင်းတစ်ခုကို ရက်လုပ်ပေးပါ၊ ကျွန်တော် ဘကြီးကို ကူညီပါမည်"

ဟု ပြောဆိုသဖြင့် ကပ္ပိယကြီးသည် အောင်ဇေယျအား နတ်ရုပ်ပုံခြင်းကျားတစ်ခုကို ရက်၍ပေးလေ၏။ အောင်ဇေယျသည် နတ်ရုပ်ပုံရက်ထားသော ခြင်းကျား၌ သင်္ကန်းစုတ်များကို ကပ်၍ ရုပ်လုံးပေါ်အောင်လုပ်ပြီးလျှင် ညအချိန်လူခြေတိတ်၌ နတ်စင်သို့သွားရောက်ထားလေ၏။

ထိုနတ်ရုပ်မှာ မူလနတ်ကဲ့သို့ အချိုးမကျသဖြင့် ရယ်စရာဖြစ်ပြီးလျှင် ယခုမှ သာ၍ ဆိုးလျက်ရှိလေ၏။ အကြောင်းမှာကား နံနက်လင်းသောအခါ ကာလသားတစ်စုတို့သည် နတ်စင်သို့ လာရောက်ကြ၍....

"အလို....တို့နတ်ကြီး ပြန်ရောက်ပါပကော၊ ဟိုတုန်းက နတ်ကြီးဟာ စိတ်ညစ်လို့ တောထွက်သွားတယ်ထင်ပါရဲ့၊ ယခု သင်္ကန်းဝတ်ပြီး ပြန်လာပြီဟော့၊ သို့ပေမဲ့ ဦးခေါင်းမှာတော့ ရှန်ပန်းထည်ပေါင်းထားသေးတယ်"

ဟု ရယ်မောပြောဆိုကြ၍ တစ်ရွာလုံးပျံ့နှံ့သွားပြီးသော် သူ့ထက်ငါ လာရောက်ကြည့်ရှုကြပြီးလျှင်....

"တို့နတ်သည်လည်း ရှင်ကြီးဖြစ်နေပါပကော"

ဟု အုတ်အော်သောင်းတင်း ပြောဆိုကြကုန်၏။ ထိုအခါကစ၍ နတ်ကိုရှင်ကြီးဟု ခေါ်တွင်လာသည့်အပြင် ယခုတိုင်လည်းထီးဖြူဆောင်းရှင်ကြီးအား ပူဇော်ပသသောအခါ သင်္ကန်းစကို ထည့်ရလေသည်။

စာဖတ်သူတို့သည် အောင်ဇေယျ၏ ကျောင်းသားအရွယ် ပြုမူပုံကို စဉ်းစားကြည့်လျှင် မည်ကဲ့သို့ ထင်ဖွယ်ဖြစ်ပါသနည်း။ ယခုခေတ်၌ ၎င်းကဲ့သို့ ကျောင်းသူငယ်တို့ ရှိပါ၏လော။ ၎င်းသည် မြန်မာပြည့်

mgyoe.com

mgyoe.com


တစ်ပြည်လုံးကို စိုးမိုးအုပ်ချုပ် မင်းလုပ်လတ္တံ့သော ကလေးတစ်ယောက်ပေပဲဟု ဗေဒင်ဟောခဲ့ပါမူ ယုံကြည်နိုင်ပါ့မလား။ သူ၏ဖခင်ကဲ့သို့သော အဖေများရှိ၍ မိခင်ကဲ့သို့သောအမေများကော ရှိပါ၏လော။ နတ်ရုပ်ပျောက်မှု၌ သူ့မိခင်ဆုံးမပုံသည် နောင်လာနောက်သားတို့၏ မှတ်စာတစ်ခုကဲ့သို့ ဖြစ်သင့်ပါသလော။ အဘယ်ကြောင့်ဖွင်းသည် ခြင်းကျားကိုနတ်ရုပ်လုပ်၍ နတ်စင်၌ထားသည်ကို စဉ်းစားထောက်လှမ်းပါမူ ငယ်ငယ်ကစ၍ သူ၏စိတ်သဘောထားကို သိသာဖို့လွယ်ကူနိုင်ပေသည်။ ထိုခေတ်ထိုအခါကသာ လူတို့သည် နတ်ကိုအလေးအမြတ်ပြု၍ ကိုးကွယ်ပူဇော်ကြသည်မဟုတ်။ ယခုခေတ်၌လည်း ဟိုခေတ်တုန်းကထက်ပင် ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားပြုလုပ်၍ လေးမြတ်ကြသည်ကို တွေ့ကြရပေလိမ့်မည်။ သို့ရာတွင် အောင်ဇေယျ၏မိခင်ကဲ့သို့သော မအေမျိုးကား ရှားပါး၍ ဖွင်းကဲ့သို့ ကြံကြံဖန်ဖန်ဆော့လွန်းသောကလေးတို့လည်း ရှိကောင်းမှရှိပေလိမ့်မည်။ ဖွင်း၏ ရှေ့အခန်းကို ဆက်လက်၍ ဖတ်ကြပါစေလို့။

❑

mgyoe.com

mgyoe.com

## (၈) မျိုးချစ်လူပျိုကလေး

အောင်ဇေယျသည် ၎င်း၏ စာဖတ်သူတို့ သိရှိခဲ့ကြပြီးဖြစ်သည့် အကြောင်းတို့ကြောင့် ကျောင်းသားဘဝက စ၍ပင် ရုပ်ဝေးရုပ်နီးတို့၌ ကျော်ကြားလျက်ရှိလေ၏။ ကျောင်းထွက် လူပျိုပေါက်အရွယ်သို့ ရောက်သောအခါမှာလည်း ယခုခေတ်တွင် သားသားနားနား အခန့်သား ဝတ်စားဆင်ယင်၍ ကာဖီဆိုင်၊ မုန့်ဆိုင်၊ ရုပ်ရှင်ရုံစသည်တို့၌ အချိန်ကုန်ရှာလေကုန်သော မိကောင်းဖခင်၏ ခေါ်ဝေါ်သမုတ်သူတို့၏သားများနှင့်တူမတူကို ချိန်ထိုးတည်းဖြတ်ရန် ကျွန်ုပ်သည် ဤအခန်း၌ ထည့်မပြရန် မတတ်နိုင်ပါ။

အောင်ဇေယျသည် ကျောင်းကထွက်သောလာသောအခါ သူ၏အရွယ်သည် ပျော်ပါးနေရန်မျှသာ ကလေးမဟုတ်တော့ဘဲ ရှေ့နောက်တိုင်းထွာနိုင်စအရွယ် ဖြစ်လေသည့်အတိုင်း အတတ်မျိုးစုံသည့် လောကတည်းဟူသော တက္ကသိုလ်ကျောင်းတိုက်ကြီး၌ ကိုယ်ထိလက်ရောက် စုံစမ်းရှာဖွေ ဆည်းပူးခြင်းဖြင့် ပညာသင်ကြားရင်း ဥစ္စာစီးပွားရှာဖွေပွားများစေအပ်သော အရွယ်ပါပေတကားဟု အောက်မေ့လျက်

mgyoe.com

mgyoe.com


သူ၏အစ်ကိုကဲ့သို့ မင်းမှီကပ်ပါး မင်းခစားလုပ်ရန် ဝါသနာမရှိဘဲ မင်းခစားလုပ်သောသူသည် စလေငခွေးကဲ့သို့ ယုတ်မာသောအမှုကို မပြုလျှင် ရုတ်တရက်ကောင်းစားနိုင်ဖို့ခဲယဉ်းသည်ဟု ထင်မိခြင်းဖြင့် မခိုင်းရက် မစေရက်အရိပ်တကြည့်ကြည့်နှင့် နေ့ရက်တို့ကို ကုန်လွန်စေလှသည့် မိဘတို့၏လုပ်ငန်းခွင်သို့ဝင်၍ အဖကိုယ်စား လုပ်ကိုင်ဆောင်ရွက်လေ၏။ ၎င်းသည် အားလပ်သည့်အခါတိုင်းတို့၌ အပျော်နှင့် ပွဲလမ်းသဘင်တို့တွင် အချိန်မကုန်စေဘဲ ကစားခုန်စားတို့၌ ဝါသနာမကင်းသဖြင့် ကိုယ်လက်အင်္ဂါ သန်မာထွားကျိုင်းပြီးလျှင် လူလုံးလူဖန်လှလေ၏။ မည်သူနှင့်မဆို အကျွမ်းတဝင် ပေါင်းသင်းဆက်ဆံတတ်ခြင်းကြောင့် တောင်ကျော်ထိုးခြင်းအတတ်၊ ကြိုးကွင်းပစ်အတတ်၊ ခဲတုတ်ပစ်ခြင်းအတတ်တို့ကို နွားကျောင်းသားများထံမှလည်းကောင်း၊ မြင်းထိန်းဖြစ်သောအစေခံကျေးကျွန်တို့ထံမှ မြင်းစီးခြင်းအတတ်ကိုလည်းကောင်း၊ သစ်လုပ်သမားများထံမှ ဆင်စီးခြင်းအတတ်ကိုလည်းကောင်း၊ ရှမ်းများထံမှ ဓားခုတ်၊ လှံထိုးအတတ်၊ သိုင်းအတတ်တို့ကိုလည်းကောင်း တတ်မြောက်လေ၏။ ပေါင်းသင်းဆက်ဆံမိသော သူတို့နှင့် ၎င်းတို့၏အစွယ်အပွားများကလည်း လုံ့လဝီရိယ၏ အရင်းအမြစ်ဖြစ်သည့် နံနက်စောစောထခြင်း၊ တည်တံ့ခြင်း၏ အကြောင်းအံရင်း (ခိုင်မြဲခြင်း၏ မူလဘူတ) ဖြစ်သော မုသားမပြောခြင်း၊ အောင်မြင်ခြင်း၏ အကြောင်းရင်းဖြစ်သော သည်းခံတတ်၍၊ မကြောက်မရွံ့ခြင်း၊ အကြီးအမှူးဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သည့် သူ့အကျိုးကိုလည်း အနွံတာခံ၍ ဆောင်ရွက်ခြင်းတို့နှင့် တစ်စတစ်စ ပြည့်စုံလာသည့်အပြင် မိခင်၏ထူးမြတ်သော ကိုယ်စွမ်းအတတ်သာလျှင် စစ်သူကြီးသာတည်း။ ဉာဏ်စွမ်းအတတ်သာလျှင် အမတ်ပုရောဟိတ်တည်း။ ကိုယ်စွမ်း ဉာဏ်စွမ်းတို့နှင့် ပြည့်စုံသော

mgyoe.com

mgyoe.com


သူသာလျှင် မင်းအဖြစ်၌ ထင်ရှားရာသတည်းဟူသော အဆုံးအမကို နာယူခြင်းဖြင့် စာပေ၊ ဗဟုသုတ၊ နိပါတ်၊ ဇာတ်ရာဇဝင်၊ မဟာဝင်၊ ဒီပဝင်၊ ထုံး၊ ပုံတို့ကိုလည်း တတ်အားသရွေ့ဆည်းပူးလေ့လာလျက် ရှိ၏။ ပျင်းရိငြီးငွေ့သောအခါ၌ကား တစ်ယောက်တည်း မိကျောင်းတီးလျက် နေတတ်၏။

တစ်နေ့သ၌ အောင်ဇေယျသည် မိကျောင်းတီးနေစဉ် ကဗျာမှု၌ ကျွမ်းကျင်ပါးနပ်သော စာရေးတော်ကြီးတစ်ယောက်သည် လာလတ်၍....

"မောင်အောင်ပွဲတစ်ခါမှ ကြည့်တယ်လို့မရှိဘဲနှင့် စောင်းတီးတော့ ဝါသနာအရှိသားပဲ"

ဟု ပြောဆိုလေရာ အောင်ဇေယျသည် အနည်းငယ်ပြုံး၍....

"သူတစ်ပါးက ဖျော်ဖြေရအေ့ သွားရောက်ပြီး ကိုယ့်ကိုယ်ကိုယ် အပျင်းပြေစေရခြင်းဟာ သူ့စရိုက်တွေကိုယ့်ကို ကပ်ပါလာတတ်လို့ ပွဲကိုကျွန်တော်မကြည့်ဝံ့သော်လည်း ကိုယ်၏ငြီးငွေ့ခြင်းကို ကိုယ်တိုင် ဖျော်ဖြေရခြင်းဟာ ပျော်ရွှင်မှု၊ အလေလိုက်မှုတို့ကို ကင်းရှင်းကာကွယ် တတ်တယ်ထင်တာနဲ့ပဲ ကျွန်တော့်စိတ်ကိုကျွန်တော်မိကျောင်းတီးပြီး ဖျော်ဖြေရပါတယ်၊ ဦးတော်"

ဟု လေးနက်စွာပြန်ကြားပြောဆိုလေရာ စာရေးတော်ကြီးလည်း အောင်ဇေယျ၏စကားကို ငယ်ရွယ်သူ၏စကားမျှသာဖြစ်သဖြင့် ရုတ်တရက် စဉ်းစားလိုက်ခြင်း မရှိဘဲ....

"သည်လိုစောင်းတီးလေ့လာရင်လည်း ကြိုးကြီး၊ ဘွဲ့ကြိုး၊ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းကြီး၊ သီချင်းခံတို့နဲ့ ရတု၊ ရကန်၊ အဲ၊ အံ၊ စောင်းချင်း၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ် အစရှိတဲ့ ကဗျာမှုတို့ကို လည်းကောင်းစွာလေ့လာရင် သာပြီးကောင်းလိမ့်မယ်ထင်တယ်၊ မဟာ

mgyoe.com

mgyoe.com


ဓမ္မရာဇာဓိပတိ ဘွဲ့တော်ရှိတဲ့ ကျုပ်တို့ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်ပင် ကဗျာမှု၌ လွန်စွာကျွမ်းကျင်တော်မူပါတယ်၊ ဒါကြောင့် မောင်အောင်လည်းလေ့လာရင် ခဏလေးနဲ့ တတ်ကျွမ်းနားလည်လိမ့်မယ်"

ဟု ပြောဆိုပြန်ရာ အောင်ဇေယျသည် ရယ်၍....

"ဦးတော်အမိန့်ရှိတဲ့အတိုင်း ကြိုးကြိုး၊ ဘွဲ့ကြိုးစတဲ့ ကဗျာအတတ်များဟာ တတ်သင့်တယ်ဆိုရင်လည်း ဆိုသင့်ပါရဲ့၊ သို့သော် သည်အတတ်ဟာ နိုင်ငံတော်ကြီးကောင်းစားမယ့်အတတ်လား၊ တိုင်းနေပြည် သူရှင်လူ ရဟန်းတို့ အေးချမ်းမယ့်အတတ်လား၊ တိုင်းသူပြည်သား ကြွယ်ဝမဲ့ အတတ်လား၊ သို့မဟုတ် ကြွယ်ဝနိုင်တတ်တဲ့အတတ်လား စသည်တို့ဖြင့် များစွာစဉ်းစားဖို့မတော်ဘူးလားဦးတော်၊ စင်စစ်တော့ သည်ကဗျာမှုဟာ သားချော့သီချင်း၊ လေ့တပ်မှ လေ့လှော်သံသီချင်း၊ ရေကင်းသီချင်းတို့ကဲ့သို့ များစွာအဖိုးတန်အသုံးမဝင်လှဘဲ တောထဲ၌ နွားကျောင်းသား၊ ကျွဲကျောင်းသား၊ လယ်ယာမယင်းကင်းစောင့်သမားများကို အပျင်းပြေစေပြီး အလုပ်မဲ့ အကိုင်မဲ့ လူတို့ကို ရွှင်ပျော်စေလျက် ကာမဂုဏ်မှု၌ တက်ကြွစေတတ်လို့ ကြာခန်းများ၌သာ သားပြီးအသုံး ကျတယ်လို့ထင်ပါတယ်၊ ဒါကြောင့် ကျွန်တော်ဖြင့် ကျွန်တော်ကိုယ် ကျွန်တော် အပျင်းပြေစေရုံမှတစ်ပါး အလုပ်ပျက်၊ အကိုင်ပျက်၊ အကြံအစည်ပျက်လို့ မလိုက်စားဝံ့ပါ၊ ဦးတော်အမိန့်ရှိတဲ့အတိုင်း ဘဝရှင် မင်းတရားကြီးကိုယ်တော်တိုင် ကဗျာမှု စာစုပြီး လိုက်စားနေခဲ့ပါရင်၊ မုချတိုင်းပြည်ကြီးဟာ အကြံမဲ့၊ အစည်မဲ့၊ အလုပ်မဲ့၊ အကိုင်မဲ့နဲ့ ပျက်စီးရပေလိမ့်မယ်၊ တိုင်းသူပြည်သားတို့ကလည်း ဘုရင်ကိုတု အမှုတစ်ခု လုပ်ပြီး ကဗျာကို အာရုံခံကာ လိုက်စားနေခဲ့ပါရင် နားသာထောင်ပါ ဦးတော်၊ တိုင်းပြည်ကြီး ကျွမ်းထိုး မှောက်ခုံ

mgyoe.com

mgyoe.com


ဖြစ်ပါလိမ့်မယ်"

ဟု လိပ်ပတ်လည်လည် ပြောလိုက်ရာ စာရေးတော်ကြီးသည် အောင်ဇေယျ၏ စကား၌ ရာဇဝတ်တော်မကင်းသကဲ့သို့ ဖြစ်ပြီးလျှင် ပြောသူပြောပါလျက် နားထောင်သူမဝံ့ဖြစ်နေသဖြင့် အောင်ဇေယျကို အာဂလူကလေးပါလား၊ အရွယ်နှင့် မလိုက်ပါလေ၊ ပြောရဲဆိုရဲနှင့် အာစလျှာစ ကောင်းပါပေ့ရဲ့ဟု ဝမ်းထဲမှ ချီးမွမ်းပြီးသော် ရုတ်တရက် အောင်ဇေယျထံမှခွာခဲ့၍ ဦးညိုစံနှင့် အသင့်တွေ့ရကာလ....

"ကိုရင့်သားနဲ့တော့ ကျုပ် စကားမပြောဝံ့ပါဘူး၊ ကြက်သီးမွေး ညင်းထပြီး ခေါင်းနားပန်းကြီးလှတယ်၊ အာဂယောကျ်ားကိုရင်၊ ပြော ရေးဆိုရေးတယ်စိတယ်"

ဟု ပြောပြနေလေ၏။

*

အောင်ဇေယျမှာ သတ္တိ ဇွတ္တိရှိလျက် လူသူလေးပါးတို့နှင့် ကာရံ သင့်အောင် ပေါင်းသင်းနေထိုင်တတ်၍ ဆက်ဆံမိသောသူတိုင်းပင် သူ၏ဩဇာခံဖြစ်ပြီးသော် သူ၏အလိုအတိုင်း လိုက်ပါစေနိုင်သည့် စွမ်းရည်နှင့်လည်း ပြည့်စုံသောကြောင့် လူငယ်လူရွယ်တို့၏ခေါင်း ဆောင်၊ လူကြီးတို့၏တိုင်ပင်နှီးနှောရာဖြစ်လာပြီးလျှင် အရေးအရာ ရောက်သော လူပျိုတစ်ယောက်ဖြစ်နေလေ၏။ ထိုခေတ်ကြီးမှာလည်း လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်ဆိုသောစကားနှင့် အလွန်ဆီလျော်နေသဖြင့် မည်ကဲ့သို့သောအသည်မဆို မင်းလုလင်မှ စပြီးလျှင် ကြောက်ရွံ့ရိုသေနေရသော ခေတ်ကြီးဖြစ်၍ မင်းမှုထမ်းအ စိုးအရာရှိကြီးတို့ အလွန်တန်ခိုးကြီးမြင့်သော ခေတ်ကြီးသည် ပေါ် ထွန်းလျက်ရှိလေ၏။ အသည်တို့တွင်လည်း ဥစ္စာအင်ခွင်နှင့် ပြည့်ဖြိုး

mgyoe.com

mgyoe.com


၍ မင်းစိုးအရာရှိတို့နှင့် ပူးပေါင်းနေထိုင်တတ်သူမှသာ မျက်နှာကြီး လျက် ဆင်းရဲသူတို့၏ရှိသေခစားခြင်းခံရပြီးလျှင် ပစ္စည်းရှင်၊ ဓနရှင် တို့၏ ဩဇာသည် အလွန်ကြီးမြင့်ခြင်းဖြစ်ပြီးသော် ငွေများတရား အောင်ဆိုသောစကားသည်လည်း သူကငါကစ၍ ပြောဆိုနေကြသည့် လက်သုံးစကားကြီးဖြစ်၍ နေလေ၏။

ဆင်းရဲသားတို့သည် ပစ္စည်းရှင်များနှင့် မြို့အုပ်၊ မြို့ချုပ်၊ မင်းလု လင်စသော အမှုထမ်းတို့အပေါ်၌ တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ၊ မတုပြိုင်နိုင်ကြရုံမျှသာမက အချို့မှာဆန်တစ်ပြည် ငွေတစ် မတ်နှင့်ပင် သူ့ကျွန်ဖြစ်ရ၍ ဆင်းရဲသားတို့၏မြေယာများသည် ပစ္စည်း ရှင်၊ လူချမ်းသာတို့၏လက်တွင်းသို့ ရောက်ကြလျက် လူချမ်းသာ တစ်အိမ်ထောင်အား ဆင်းရဲသားအိမ်ထောင်သည် တစ်ရာခန့်လောက် သည် လုပ်ကိုင်ပေးနေကြရလေ၏။ မင်းမှုထမ်းအရာရှိတစ်ယောက် အားလည်း ဤမျှထက်မနည်းလုပ်ကိုင်ပေးနေရသော ခေတ်ဆိုးကာလ ဆိုးကြီးဖြစ်နေလေ၏။ အချုပ်မှာကား တိုင်းသူပြည်သားတို့မှာ တရား ၏အုပ်ချုပ်ခြင်းကိုမခံရဘဲ၊ လူ၏အုပ်ချုပ်ခြင်းကိုသာ ခံနေရ၍ အေး ချမ်းသာယာသော ခေတ်ကြီးဖြစ်နိုင်မည်မဖြစ်နိုင်မည်ကို လွယ်လင့် တကူ စဉ်းစားနိုင်ချေပြီ။ ထိုကဲ့သို့လျှင်ကြောက်မက်ဖွယ်သောခေတ် ကြီးသည် ပေါ်ပေါက်နေ၍ ပုဂံမင်းရှေးဆက်အချို့တို့၏ လက်ထက် တော်မှာကဲ့သို့ပင် ကျွန်များကိုနားကြိုးချည်၍ခိုင်းခြင်း၊ နားမဖောက်လို ဘဲနှင့် နားဖောက်စေခြင်း၊ ကျော်ပိုင်စေ၊ နင်းပိုင်စေ၊ ဒေါင်းလန်းဖလား ပိုင်စေ ဟူသော စာချုပ်နှင့် မိန်းကလေးများမှာ ကျေးကျွန်ပြုလုပ်ရခြင်း တို့သည်လည်း ထွန်းကားပြန့်ပွားလျက်ရှိလာလေပြီ။

အောင်ဇေယျသည် ထိုသို့သော ခေတ်ကြီး၌ မည်ကဲ့သို့တွေ့ကြုံရ မည်၊ မည်ကဲ့သို့ ကျင့်ကြံပြုမူနေထိုင်မည်တို့ကို ဖတ်ကြည့်၍ ထိုကဲ့သို့

mgyoe.com

mgyoe.com


ဆိုးဝါးသော လောကကြီးသည် အောင်ဇေယျကို အလောင်းမင်းတရားကြီးအဖြစ်နှင့် အထွတ်အမြတ်သို့ ရောက်အောင် မည်ကဲ့သို့ သက်ဆိုင်စေသည်ဟုလည်း ပြဿနာတစ်ခု ဖြစ်စေပေလိမ့်မည်။ ၎င်းသည် မိဘ၏လုပ်ခွင်၌ ကူညီလုပ်ကိုင် ဆောင်ရွက်နေသော သူတစ်ယောက်ဖြစ်သည့်အပြင် မိန်းကလေးမိန်းမပျိုတို့အပေါ်၌ ဣန္ဒြေကြီး၍ ကူညီစောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်ရင့် အိုမင်းမစွမ်းရှိသော လူကြီးတို့အားတတ်အားသရွေ့ ကူညီဆောင်ရွက်ခြင်းတို့ကို ပြုလေ့ပြုထရှိသဖြင့် ပီယသိဒ္ဓိပေါက်နေသည့် လူငယ်ပျိုတစ်ယောက် ဖြစ်နေလေ၏။ ထိုသို့ ငြိုးငယ်သူတို့အပေါ်၌ ပီယသိဒ္ဓိမြောက်သည်နှင့်အလားတူ၊ တိုင်းပြည်အပေါ်၌ မတရားပြုကျင့်နေ၍ ဘုရင်နှင့် တိုင်းပြည်၏ရန်သူစစ်သူကြီးများဖြစ်သော မင်းမှုထမ်းတို့နှင့် ၎င်းတို့ကို မှီခိုကပ်ရပ်ခရမ်းနေသော လူညာ၊ လူဝါ၊ လူချမ်းသာတို့အပေါ်၌ကား အမုန်းသိဒ္ဓိပြီးမြောက်သကဲ့သို့ ဖြစ်ပြန်လေ၏။

အဘယ့်ကြောင့်ဆိုသော် အောင်ဇေယျသည် ၎င်းတို့၏ရွာနီးချုပ်စပ်ရှိ ကျေးရွာတို့၌ မင်းတိုင်းမပေးနိုင်လောက်အောင် ဆင်းရဲငြိုငြင်ပင်ပန်းနေသော အသည်တို့ဘက်မှနေ၍ အမြဲခုခံပြောဆိုကာကွယ်နေခြင်း၊ အခွန်တောင်းမင်းမှုထမ်းတို့ကိုကပ်၍ ဆင်းရဲသားတို့အား ကြေးငွေချေးငှားခြင်းတို့ဖြင့် လုပ်ကိုင်စားကျင်းတို့ကို သိမ်းရုံးယူငင်လျက်ကျေးကျွန်များ၊ ကျွန်များ ပွားများလေအောင် အားထုတ်နေကြပြီးလျှင် ကျွန်ရောင်း ကျွန်ဝယ်မှုတို့နှင့် စီးပွားဖြစ်ထွန်းနေသောသူတို့ကို မတရားယိုးစွပ်ကာ ဟောပြောနေခြင်း၊ ထိုခေတ်ထိုအခါကအချို့မှာ ဆန်တစ်ပြည်ငွေတစ်မတ်၊ ဗိုင်းတောင့် ငါးတောင့်၊ ဝါကြိတ်တစ်လုံးမျှနှင့်ပင် ကျေးပိုင်ကျွန်ပိုင် ဖြစ်နေကြရ၍ ထိုသို့သော မတရားမှုတို့မှ ဆင်းရဲသားတို့လွတ်ကင်းရလေအောင် အောင်ဇေယျသည် အ

mgyoe.com

mgyoe.com


မျိုးမျိုးသောနည်းတို့ဖြင့် ကူညီစောင့်ရှောက် ကယ်ဆယ်လျက်ရှိနေသောကြောင့် ရပ်ဝေးရပ်နည်းလူအပေါင်းတို့၏ ကြည်ညိုအားထားခြင်းကို ခံရသော လူပျိုပေါက်တစ်ယောက်ဖြစ်နေလေပြီ။ ထိုထိုတို့ကြောင့် အောင်ဇေယျမှာ မတရားသော မင်းမှုထမ်းတို့နှင့် ကိုယ့်စီးပွားရေးကိုသာသိ၍ သူတစ်ပါးအပေါ်၌ စဉ်းလဲကာပြုမူနေသော လူချမ်းသာတို့၏ ရန်သူဖြစ်နေသော်လည်း ဆွေမျိုးဉာတိအားကောင်းခြင်း၊ ၎င်းအဖမှာ မုဆိုးချုံရွာမကြီး၌ အကြီးအမှူးဖြစ်နေခြင်း၊ ၎င်း၏အစ်ကိုမှာ အင်းဝမြို့တော်တွင် မင်းမှုထမ်းဖြစ်နေခြင်းတို့ကြောင့် မင်းမှုထမ်းတို့၏ဘေးမှ လွတ်ကင်းလျက်ရှိလေ၏။ ထိုခေတ်ထိုအခါသည်လည်း ယခုခေတ်မှာကဲ့သို့ ဥစ္စာပစ္စည်းကိုသာ အရေအရောင်တင်၍ လေးစားခြင်းထက် ဆွေမျိုးဉာတိသားချင်းတို့၏ အားနှင့်ကာယဗလ၊ ဉာဏဗလအားတို့သည် အလွန်ဂုဏ်သရေကြီးမြင့်လေ၍ လူတို့၏လေးစားရွံ့ရှာခြင်းကို ခံရသော ခေတ်ကြီးလည်းဖြစ်သည့်အတိုင်း အောင်ဇေယျတို့သည် ရွာနီးပါးချင်းတို့ အပေါ်မှာပင် များစွာသြဇာကြီးလျက်ရှိလေသည်။ ၎င်းမှာလည်း အစ်ကိုတစ်ယောက်အပြင် ညီသုံးယောက်၊ နှမမယ်ဝင်း၊ မယ်မင်း၊ မယ်မာတို့ဟူ၍ ရှိသဖြင့် ၎င်းတို့၏ဆွေထုမျိုးထုသည် တဖြည်းဖြည်းအင်အားကြီးလာမည်ကို ယုံမှားဖွယ်မရှိပေ။

*

အောင်ဇေယျသည် လူလားမြောက်စကပင် ၎င်း၏စွမ်းရည်သတ္တိထူးတို့ကြောင့် လူရွယ်လူလတ်ဖြစ်သော မုဆိုးအပေါင်းတို့၏ အကြီးအမှူးအဖြစ်နှင့် တည်ရှိရလေသဖြင့် မုဆိုးဖိုရွာမကြီးတွင် မုဆိုးဖိုဟုမည်တွင်လာသည်။ မုဆိုးချုံရွာမကြီးသည်လည်း မုဆိုးဖိုရွာမကြီးဖြစ်လာကြောင်းကို မကြာမီဖတ်ကြရပေလိမ့်မည်။ ၎င်းအားသူ၏ဆရာ

mgyoe.com

mgyoe.com


ကျော်က အကြံအစည်ကြီးကို ကြံစည်သော သူတို့သည် ထမြောက် အောင်မြင်၍ ကောင်းစားခြင်းမပြုမီ အိမ်ထောင်ပြုက၊ မိမိအကြံသည် မိမိအားဆင်းရဲပင်ပန်းစေမည့် ကိန်းခန်းယတြာကို ပြုမှားသည်ကဲ့သို့ ဖြစ်ပေလိမ့်မည်ဟု ဆုံးမလိုက်သည်ကို နာယူ၍ ဆောင်ရွက်လိုပါ သော်လည်း မိဘတို့နှင့်ရပ်ရွာဆွေမျိုးလူကြီးသူမတို့၏ စကားကို မလွန်ဆန်နိုင်သဖြင့် ငယ်ငယ်ရွယ်ရွယ်ကပင် အိမ်ထောင့်ရှင်ဘဝနှင့် ကြုံကြိုက်လိုက်ရလေ၏။ ထိုကဲ့သို့လျှင် အိမ်ထောင်ရှင်ဖြစ်လာသော အခါ ပရိသတ်တို့ အလယ်တွင် ထင်ထင်ရှားရှား အသက်အရွယ်ပင် ငယ်သေးသော်လည်း လူကြီးအဖြစ်နှင့် ပါဝင်ဆောင်ရွက်ရလေပြီဖြစ် သဖြင့် သင်္ဟတရား၊ နာယကဂုဏ်တို့နှင့် ညီညွတ်စွာ ပြုကျင့် နေထိုင်လျှင် သင်္ဂါလောဝါဒသုတ်အရ အရပ်ခြောက်မျက်နှာကိုလည်း ရှိခိုးလေ့ပြုခြင်းတို့နှင့် ဆင်းရဲသားတို့ကို များစွာကူညီ စောင်မလေ့ သောကြောင့် ထက်ဝန်းကျင်ကျေးရွာတို့၌ ၎င်းသတင်းသည် ထင်ရှား ကျော်ကြားလာပြီးလျှင် ဆင်းရဲနွမ်းပါးသော ရွာနီးချုပ်စပ်မှ လူ အပေါင်းတို့သည် တစ်စတစ်စ ခိုဝင်လာကြသဖြင့် မုဆိုးဖိုရွာမကြီးဟု အထင်အရှားဖြစ်ထွန်းလာလေ၏။ ထိုအခါ မုဆိုးဖိုရွာမ၌ မုဆိုး ဖိုလ်မောင်အောင်ဇေယျဟူသော အမည်သည်လည်း အင်းဝရွှေ မြို့တော်တိုင် ပေါက်ရောက်သွားပြီးသော် မင်းသိစိုးကြားဖြစ်လေ တော့ပြီ။

❑

mgyoe.com

mgyoe.com

# အခန်း ၂

## (က) ဗိုလ်အောင်ဇေယျသည် ရွာကို ဖြိုးဖြိုးနိုင်နိုင် ပြုလုပ်နေထိုင်ခြင်း

ဗိုလ်အောင်ဇေယျသည် အစွမ်းသုံးပါးကို သိတတ်သောသူဖြစ်သည်အတိုင်း ကျေးရွာသားတို့၏ ဥစ္စာအင်ခွင်ကို ပြန့်ပြောကြွယ်ဝကုံလုံလေအောင် လုပ်ခင်းဆောင်ကာ ကျိုကျတို့ကို စီစဉ်၍ အကြံပေးခြင်း၊ မျိုးရိက္ခာတို့ကို မကုန်တန်ဘဲနှင့် မကုန်မကျရလေအောင် တိုင်ပင်ဆွေးနွေးလျက် ဖန်တီးပြုလုပ်ခြင်း၊ ပစ္စည်းဥစ္စာကြေးငွေများကိုလည်း မကုန်သင့်ဘဲနှင့် မကုန်ကျရလေအောင် ဆုံးမတားမြစ်ခြင်းတို့ကိုလည်း ပြုသဖြင့် မုဆိုးဖိုရွာမကြီးသည် တစ်နှစ်ထက်တစ်နှစ် အလွန်စည်ပင်၍ သာယာဝပြောသော ကျေးရွာမကြီးတစ်ရွာ ဖြစ်နေသော်လည်း ဗိုလ်အောင်ဇေယျကိုယ်တိုင်မူကား ဗိုလ်ဟူသော ပကာသနသာရှိလျက် အိမ်ထောင်ကြီးရင်ဖြစ်လေသည့်အတိုင်း ပစ္စည်းဥစ္စာပစ္စည်းတို့နွမ်းပါးလေရာ ရိုးသားဖြောင့်မတ်ခြင်း၊ တရားသဖြင့် ဆောင်ရွက်ခြင်း၊ အများအကျိုးကို ငဲ့ကွက်လေ့ရှိခြင်းတို့ကြောင့်သာ၍ ပင်ပန်းဆင်းရဲခြင်းဖြစ်ရလေ၏။ ထိုသို့ ပင်ပန်းဆင်းရဲသော်ငြားလည်း ကိုယ့်အဖို့ကောင်းကိုသာ ကြံစည်ခြင်းကိုရှုံရှာစက်ဆုပ်လေသောကြောင့်သာ ဂုဏ်ကြီးမြင့်လေ၊ သာ၍ပင်ပန်းဆင်းရဲ ပစ္စည်းနွမ်းပါးလေဖြစ်သဖြင့်

mgyoe.com

mgyoe.com


သားသမီးများစွာကို ပြုစုစောင့်ရှောက်ကျွေးမွေးနေရသော အိမ်ရှင်မမှာ တစ်ခါတစ်ခါမိုးစွေနေသောအခါနှင့် စပါးဦးမပေါ်မီအခါလောက်တို့တွင် များစွာအကျပ်အတည်းနှင့် တွေ့ကြုံရလျက် စိတ်ချမ်းသာနိုင်ခြင်းမရှိဘဲ အလွန်ချစ်ခင်ယုယလာခဲ့သော ခင်ပွန်းကောင်း ခင်ပွန်းမြတ်ကိုပင် အခါခါဆူ၍ ပူလောင်စေဘိ၏။ ဗိုလ်အောင်ဇေယျမှာလည်း....

"ပရဟိတ ဘုရားလောင်းကြီးရဲ့၊ ဟိုလူ့ကိုခေါ်ခိုင်းရင်လည်းမတရားဘူး၊ သည်လူ့ကိုခေါ်ခိုင်းရင်လည်း မတရားဘူး၊ ကျွန်ဝယ်မယ်ကြံရင်လည်း လူဟာတိရစ္ဆာန်မဟုတ်၊ အရပ်ထဲကကောင်မလေးတွေကိုလက်ပါးစေခေါ်ထားမယ်ဆိုရင်လည်း မင့်အိမ်မှာခိုင်းဖို့ သူဟာလူဖြစ်လာတာမဟုတ်ဘူး၊ လွတ်လွတ်လပ်လပ်နေဖို့ လူဖြစ်လာရတာဆိုတဲ့တရားသံပေသံနဲ့ အချိန်ကုန်နေရတာပဲ၊ မယ်မာကိုတော့ သနားကြင်နာခြင်း မရှိဘူး၊ သူများအပေါ်မှာတော့ တရားတွေ၊ ပေတွေ၊ ပါဠိတွေ၊ ဝါဝန်တွေနဲ့ တယ်ပြီးစာနာထောက်ထားတတ်တယ်၊ အိမ်မှာ ဆန်ဆီမလောက်ရင်၊ ဟဲ့.... အောင်ဖြိုးရဲ့အိမ်မှာ သွားယူချေ၊ ရွှေခြုံးရဲ့အိမ်မှာသွားယူချေ၊ ရွှေရကိုခေါ်ခဲ့၊ ငါ့ယာထဲသွားပြီး ခဏစောင့်လိုက်ဦးနဲ့၊ ညီတွေ့ရဲ့အပေါ်မှာတော့ စာနာသံပဲတစ်ခါမှမရှိခဲ့ဘူး၊ သူများကိုတော့ထောက်ထားရတာနဲ့၊ စာနာရတာနဲ့၊ ညာတာရတာနဲ့၊ နဲ့တွေနဲ့ အချိန်ကုန်နေရတာပဲ၊ ဘာဖြစ်သလဲ၊ သည်လိုလူစားတွေဟာ ခိုင်းဖို့စေဖို့ပဲလူဖြစ်လာရတာပဲ၊ ခေါ်ခိုင်းရင်ယခုလို ကျပ်တည်းမှာလား၊ ပင်ပန်းမှာလား"

စသည်ဖြင့် အိမ်ရှင်မ၏ ဆူသံပူသံတို့ကို အခါခါကြားရလေတိုင်း အကြံမအောင်မီ အိမ်ထောင်မပြုရာဆိုသော ဆရာ၏ဆုံးမစကားကို ကြားယောင်လျက် ဆရာမြတ်အား အထပ်ထပ်ကန်တော့မိလေ၏။ တစ်ခါတစ်ရံ၌ကား ဆူလွန်းသောသူ၏အိမ်ရှင်မအား....

mgyoe.com

mgyoe.com


"မယ်မင်းကြီးမ တစ်ခုစဉ်းစားသင့်ပါတယ်၊ ဆူလွန်းပူလွန်းတဲ့ အိမ်ရှင်မ၊ စိတ်ကောက်နေပြီး လင့်အလိုကို မသိတတ်တဲ့မိန်းမ၊ စိတ်ညစ်ညည်းတွားနေတဲ့ မိန်းမတို့ရဲ့ အိမ်ရှင်ယောကျ်ားများဟာ ကံ၊ ဉာဏ်၊ ဝီရိယတို့နှင့် ပြည့်စုံပြီးသမ္ဘတ္တိစက် လေးပါးနဲ့ မိစေကာမူ တယ်ပြီး ကောင်းစားနိုင်ခဲပါတယ်၊ ဒါကြောင့် တဆိတ်ကလေး အဆူနဲ့ အပူကို သည်းညည်းခံစေချင်ပါတယ်"

ဟု ပြောဆိုဆုံးမတတ်၏။

သို့သော်လည်း ၎င်း၏ပစ္စည်းပစ္စယတို့ မလုံမလောက်မှုများကြောင့် သူ၏ လုပ်ကိုင်ဆောင်ရွက်နေထိုင်ကြံစည်မှုတို့၌လည်း အားလျော့ဖွယ် ဖြစ်လာလေ၏။ မိခင်ကောင်း၏၊ သင့်အားငါသည် ကျွန်နှင့်တူသော မယားကို ရှာပေးခဲ့ပြီ၊ အကယ်၍ သင့်ရှင်မသည် ကဏန်းမကဲ့သို့ ပြုကျင့်စေလိုကာမူ သင်သည် ကဏန်းထီးကဲ့သို့ သင့် ရှင်မအပေါ်တွင် သဘောထားရမည်။ သို့မှသာ ကြံတိုင်းတင့်၍ ဖန် တိုင်းမြင့်မည်။ ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ယောက် ဖြစ်နိုင်မည်ဟူသောစကားကို လိုက်နာကျင့်သုံးလျက် မိခင်၏ ချိုသော ဆုံးမသံနှင့် သာယာသောဩဝါဒမြတ်ကဲ့သို့ အိမ်ထောင်အပေါ်တွင် ချိုအေးသာယာလေအောင် နှလုံးထားလျှက် ဝတ္တရားမပျက် ဆောင်ရွက်လေ့ရှိလေ၏။

> စိတ်ညစ်ညည်းတွားနေသောသူမှာ အမင်္ဂလာအပေါင်း စု၍ တည်၏။ ကောင်းစားလိုသောသူသည် စိတ်ညစ်ခြင်းကို သေမင်းကဲ့သို့ မုန်းထားရာချေသည်။ လူတို့၏ ကံကြမ္မာသည် ထွက်လာမည့် နေကဲ့သို့ပင်ဖြစ်သည်။

ဆိုသော ဆရာ၏ ဆုံးမလိုက်ပုံတို့ကို သတိထားလျက် ပရိသတ်လူစုလူဝေးတို့၌ အောက်ပါတို့ကို သင့်ရာသင့်ရာတိုင်းတွင် ဟောပြော

mgyoe.com

လေ့ ရှိ၏။

( ၁ ) မိန်းမတို့မှာ ရက်ကန်းဗိုင်းဝါတို့ကို မတတ်လျှင် အကျိုးနှင့် တူ၏။

( ၂ ) အိမ်ထောင်မှုဝတ္တရားကို ကျေပွန်စွာမဆောင်ရွက်၍ ကြေးငွေကို မစုဆောင်း မသိမှီးတတ်လျှင် အမျိုးပိုးစားနေသော စုန်းကဝေမနှင့်တူသည့် အိမ်ရှင်မဖြစ်၏။

( ၃ ) ယောကျ်ားတို့မှာ ကာယဗလမဲ့၍ တတ်အပ်သောအတတ်တို့ကိုမတတ်လျှင် လူကျိုးလူကန်းမျှသာတည်း။

( ၄ ) အိမ်ထောင်မှု မကျေပွန်သော ယောကျ်ားသည် အမျိုးကို သတ်နေသော သူသတ်သမားဖြစ်၏။

( ၅ ) လူသည် တရား၏ အုပ်ချုပ်ခြင်းကို မခံရဘဲ လူ၏အုပ်ချုပ်ခြင်းကိုသာခံနေရလျှင် မည်သည့်အခါမျှ အေးချမ်းသာယာခြင်းကို ရနိုင်မည်မဟုတ်။

( ၆ ) အချင်းချင်းပဋိပက္ခဖြစ်မှုသည် အမျိုးကို ပျက်စီးအောင် ကျိန်ဆဲခြင်းပင်ဖြစ်၏။ ထို့ကြောင့် အမျိုးသားကို ကွဲအောင် ရန်တိုက်နေသောသူသည် အမျိုး၏ကောင်းစားရေးနတ်သုဒ္ဓါတွင် အဆိုးဆုံးသော အဆိပ်ကြီးဖြစ်လေ၏။

( ၇ ) ဘုရင်မင်းမြတ်သည် နန်းတော်ထဲ၌ ငြိမ်းချမ်းစွာစံနေတော်မူ၍ မင်းမှုထမ်းတို့သည် ပြည်သူကို နှိပ်စက်နေသဖြင့် ထိုနှိပ်စက်ခြင်းကို ညီညီဖျဖျမခုခံလျှင် ဘုရင့်အာဏာတော်ကို စောင့်သိရိုသေသူ မဖြစ်နိုင်။

*

ရတနာပူရ၊ အင်းဝဂေ္ဃမြို့တော်ကြီး၌လည်း ညောင်ရမ်းမင်းတရားကြီးမှ ဆယ်ဆက်မြောက်သော မဟာဓမ္မရာဇာဓိပတိတံဆိပ်နာ

mgyoe.com

mgyoe.com


ခံတော်ရှိသည့် မင်းတရားကြီးသည် ဘေးလောင်းတော်ဘိုးလောင်းတော်တို့၏ အရိုက်အရာဖြစ်သော မြန်မာပြည်အလုံးကို အစိုးရပါလျက် ဥဒ္ဒါနဝတော သတိမတောစသောတရားတို့ကို နှလုံးပိုက်တော်မမူ၊ ပြည်ထဲအရေး၌ ကိုယ်တော်တိုင် စိစိစစ်စစ်မြစ်မြစ်ခြေခြေ ဝေဖန်ခွဲခြမ်းတော်မူလေ့မရှိ။ အပျော်အရွှင် သဘင်မှုတို့နှင့် သာသနာပွဲမှုတို့၌ အလျှော့အမေ့နေတော် မူပြီးလျှင် သဘင်တော်၊ ပွဲတော်၊ အပျော်တော်၊ အချော့တော်၊ အချီတော်၊ စာဆိုတော်၊ အတီးတော်စသည်တို့၌သာ အရေးပေးမြှောက်စား တော်မူလျက် မှူးကြီးမတ်ကြီးအနီးအဝေး အရေးပေးတော်မူသည်မှာလည်း အရည်အချင်းအရင်းအမြစ်ကို စိစစ်တော်မူလေ့မရှိ။ အမှုထမ်း အရာထမ်း လက်ရုံး နှလုံး အရည်အချင်းရှိပေသူတို့ကိုလည်း အရည်အလျောက် ချီးမြှောက်တော်မမူဘဲ လက်သင့်ရာစားတော်ခေါ် ဆိုသော စကားကဲ့သို့ ဆတော့် (ဆရာတော်) လူသာသနာပိုင်၊ မိဖုရားလူ၊ အတွင်းဝန်ကြီးလူ စသည်တို့နှင့် ကဗျာမှု၌ တတ်သိလိမ္မာကျွမ်းကျင်သူတို့ကိုသာ ချီးမြှောက်လေ့ရှိသောကြောင့် တိုင်းကျိုးပြည်ကျိုးကို တတ်သိနားလည်၍ စွမ်းစွမ်းတမံ ရဲရဲရင့်ရင့် ဆောင်ရွက်နိုင်သော မှူးကောင်းမတ်ကောင်းတို့ တိမ်ကောကင်းရှင်းလာလေ၏။ မြို့ဝန်အိမ်၊ မင်းကြီးစိုးကြီးအိမ် စသော အရာရှိအိမ်၌ ကြွေတချင်ချင်နှင့် ပုဆစ်၊ အံတို့ကို ကစားခြင်းဖြင့် အချိန်ဖြုန်းကြသည့်အပြင် စောင်းသံ တငြိမ့်ငြိမ့်နှင့် သီဆိုတီးမှုတ် ရွှင်မြူးနေခြင်းဖြင့်လည်းကောင်း၊ မြို့ရွာရပ်ကွက်တို့၌ ပွဲတခြိမ့် ခြိမ့်နှင့် အခွင့်သင့်တိုင်း ပျော်မြူးနေကြခြင်းဖြင့် လည်းကောင်း၊ ဘုရားပွဲ၊ နတ်ပွဲ စသည်တို့၌ သူ့လှုင်ငါ့လူအသားယူ၍ လက်ဖ့ေတိုက်ခြင်း၊ နပန်းပွဲကျင်းပခြင်း၊ လှေပြိုင်ခြင်း၊ မြင်းပြိုင်ခြင်း စသည်တို့နှင့် နေ့ပွဲ ညပွဲကျင်းပခြင်းတို့ဖြင့် လည်းကောင်း၊ တိုင်းပြည်ကြီးတွင် မဆိတ်သကဲ့သို့ပင် ဖြစ်နေ

mgyoe.com

mgyoe.com

သဖြင့် ထိုခေတ်ထိုအခါကို မကြာမီစုတိ စိတ်ကျရအံ့သော နတ်ပြည်ကြီးဟု ပညာရှိတို့သည် ဆိုကြလေကုန်ပြီ။ တဘောင် အမျိုးမျိုးတို့သည်လည်း ပေါ်ထွက်လာလေကုန်ပြီ။ ဟံသာဝတီပြည်မှ လက်ဆောင်တော်ပဏ္ဏာတော်အဖြစ်နှင့် တင်ပို့လိုက်သော သူလျှိုသဘင်သည်တို့၏ စွမ်းရည်အားဖြင့် ထိုကဗျာမူ သဘင်မှုတို့သည် မြန်မာပြည်၌ ကောင်းစွာထမြောက်လေပြီ ဖြစ်သည်ပြင် ကျန်းဂန်တတ်၊ ဟံသာဝတီဘုရင့်ဆွေတော်မျိုးတော်ဖြစ်သော ရဟန်းတော်တို့နှင့် အခြားဟံသာဝတီသား ရဟန်းတော်အချို့တို့အား အင်းဝရွှေမြို့တော်သို့လွှတ်၍ ဇင်းမယ်ဝဏ္ဏာသစသော နိပါတ်ဝတ္ထုမျိုးတို့နှင့် အခြားယုတ္တိယုတ္တာကင်းသော စာပေဝတ္ထုတို့ကို မြန်မာတို့ထံ၌ လေ့လာစွဲမြဲထွန်းကား ယုံကြည်စေခြင်းဖြင့် အမျိုးသားတို့ ညှံ့ဖျင်းနေပြီးလျှင် ဘုရင်မင်းမြတ်သည်ပင်လျှင် ၎င်းတို့၏လက်တွင်းသို့ လုံးလုံးကြီးကျရောက်နေလေတော့ပြီ။ (များစွာသော ကျမ်းဂန်တို့ကို ဘိုးတော်ဘုရား လက်ထက်တော်သို့ရောက်မှ ဖျက်ဆီးပစ်ရလေသည်)။

ထိုသို့ဖြစ်ရကား နေပြည်တော်မှ စပြီးလျှင် မိန်းမ၊ ပွဲ၊ ကိုယ်၏လောကီကျိုးကိုသာ ရှာနေသော လောကီဘုန်းတော်ကြီးတို့ကိုသာ ထင်ရှားထွန်းကားနေလေရကား၊ တိုင်းပြည်တွင် မတရားသော မင်းမှုထမ်းတို့သာ အများအားဖြင့် အုပ်ချုပ်နေလေသည့်အတိုင်း မြို့ဝန်၊ မြို့ချုပ်၊ သူကြီးကလန်တို့သည်လည်း ဓားပြမွေးကြလျက် တစ်နယ်နှင့်တစ်နယ်ကို လုယက်တိုက်ခိုက်ရှိနေကြသဖြင့်၊ တိုင်းပြည်အလုံးသည် ရေပူတွင်ကျသော ငါးတို့ကဲ့သို့ အတည်မကျရှိနေကြသော်လည်း မုဆိုးဖိုသည်ကား ခြသေ့်မင်းစောင့်သော ရွှေဂူကဲ့သို့ အေးချမ်းသာယာလျက်ထိုရွာမကြီးကိုပိုင်သော တပယင်းမြို့ဝန်ကပင်လျှင် ခန့်ညားလျက်ရှိရလေသည်။ ထိုအခိုက်အတန့်၌ ဟံသာဝတီပြည်သည်

mgyoe.com

mgyoe.com


တိုင်းကျပ်ပြည်ကျပ်မျှသာ ဖြစ်သော်လည်း မင်းမှုူးမတ်မှုူးကြီး သေနာပတိစသည်တို့မှာ သတိရှေ့ထား၍ တိုင်းကျိုးပြည်ကျိုးကို ထောက်ထားလုပ်ကိုင်နေကြသဖြင့် နိုင်ငံခြားသားတို့နှင့် ဆက်ဆံကူးလူးရောင်းဝယ်ခြင်း၊ တိုင်းပြည်တန်ခိုးအင်အားကြီးမားထိုင်ခန့်စေရန် လို့လဝီရိယရှိခြင်း၊ ပညာရှိတို့ကို အရေးပေးခြင်း၊ တိုင်းသူပြည်သားတို့အား ကြွယ်ဝချမ်းသာစေခြင်းတို့နှင့် ပြည်စုံနေလေ၍ အနှစ်ပြည့်သောတော်သလင်းလအချိန် ရှားပင်ကဲ့သို့ ကြက်ပျံမကျစည်ပင်ဝေဆာ လျက်ရှိလေ၏။

*

ထိုခေတ်ထိုအခါ ထိုအခိုက်အတန့်၌ ဗိုလ်အောင်ဇေယျသည် ဦးအောင်ဇေယျအဖြစ်နှင့် လည်းကောင်း၊ ဗိုလ်မင်းအဖြစ်နှင့်လည်းကောင်း ရပ်ရွာတွင် ဩဇာတိက္ကမနှင့်ပြည့်စုံသော လူကြီးတစ်ယောက်ဖြစ်နေလေ၏။ ၎င်းသည် မိမိ၏လယ်မှ ကန်သင်းပိတ်ပြီး တူးရွင်းကိုထမ်းလျက် အိမ်သို့ပြန်လာလေရာလမ်းတွင် တူးရွင်းသွားကို မိုးကြိုးပစ်ခတ်လေ၏။ ထိုအခါ တုန်လှုပ်ခြင်းမရှိသော ဗိုလ်အောင်ဇေယျသည်....

"ဩော်.... သည်နှစ်များမိုးခေါင်မှာလား၊ နိုင်ငံတော်ကလည်းဗရုတ်ဗရက်နဲ့၊ စပါးဟောင်းတွေကိုများ စွန့်ပစ်လိုက်ကြပလား"

ဟု စဉ်းစား၍ အိမ်သို့ပြန်ရောက်လာလေရာ၊ ၎င်း၏အိမ့်ရှင်မနှင့်အရပ်လူကြီးလေးယောက်တို့သည် ဗေဒင်မေးလျက်ရှိနေနှင့်သည်ကိုတွေ့ရလေ၏။ ထိုအခါ ဦးအောင်ဇေယျသည် ထိုသူတို့ အနားတွင်ပင်ထိုင်လျက် ကွမ်းတစ်ရာစားလိုက်ပြီးနောက် သူ့ဇာတာကို တောင်းယူ၍၊ သူ့သားမောင်ယွအားခေါ်ပြီးလျှင်....

"ဟောသည်ဇာတာကိုယူသွားပြီး ချောင်းထဲမျှောလိုက်၊ ကြားလား၊

mgyoe.com

mgyoe.com


သို့မို့ရင် နင့်အမေနောက်တစ်ခါ ဗေဒင်မေးလေဦးမယ်၊ သွား"

ဟု ခိုင်းလိုက်၍ ဆက်လက်စကားပြောဆိုနေသည်မှာ....

"ဆရာ ဗေဒင်ဟောပြီးစီးပွားမရှာနှင့်ကြားလား၊ တိုင်းပြည်မှာ စီးပွားမဖြစ်အပ်တဲ့ လူလေးမျိုးရှိတယ်မှတ်ထား၊

(၁) လူတို့ ကိုးကွယ်နေတဲ့ ဘုန်းတော်ကြီးများနှင့် ဒါနမျိုးစေ့ချပေးခြင်းကိုခံယူနေတဲ့ ဘိုးသူတော်မယ်သီလ၊ သူတောင်းစားများ။

(၂) ဗေဒင်ဆရာနှင့်နတ်ဝင်သည်များ။

(၃) ပွဲသဘင်သည်များ။

(၄) သူခိုး၊ သူဝှက်၊ ဓားပြ၊ ကစားသမား။

စတဲ့ အသက်မွေး မကောင်းတဲ့လူများ၊ အဲသည်ပုဂ္ဂိုလ်လေးမျိုးဟာ စီးပွားဖြစ်နေရင် တိုင်းပြည်ညှဲ့ဖျင်းပြီး စီးပွားဆုတ်ယုတ်တတ်တယ်ကြားလား၊ ဗေဒင်နတ်ဝင်ဝါသနာပါတဲ့လူများဟာလည်း အများအားဖြင့် ဆင်းရဲပင်ပန်းပြီးလာတတ်တယ်၊ ခင်ဗျားကို ကျုပ်ပြောပြမယ်မှတ်ထား၊ မင်းဖြစ်မယ့်လူဟာ ရဲရင့်ပြီးသူတစ်ပါးကို ကယ်ဆယ်ကူညီချင်တယ်၊ သနားညှာတာတတ်တယ်၊ ရက်စက်ရမယ့်နေရာမှာ ညှာတာလေ့မရှိဘူး၊ လူဆိုးဖြစ်မယ့်လူဟာ ကိုယ်ကောင်းစားဖို့ကိုသာကြည့်ပြီး ရက်စက်တတ်တယ်၊ သူဌေးသူကြွယ်ဖြစ်မယ့်သူဟာ ဝီရိယရှိလျက် ကုန်သွယ်လယ်လုပ်မှုတို့၌ အထုံပါလာပြီး စေ့စေ့စပ်စပ်ကျစ်ကျစ်လျစ်လျစ်နဲ့ သုံးစွဲနေထိုင်လာတတ်တယ်၊ လူမွဲဖြစ်မယ့်လူဟာ အသုံးအစွဲကြီးပြီး ပျင်းရိလာတယ်၊ လောကီမှုသံသရာတို့၌ အကျိုးပွားထူးအောင် မဆောင်ရွက်တတ်မယ့်လူဟာ ကဗျာမှုသဘင်မှုတို့၌သာဝါသနာကြီးပြီး အချိန်ကိုဖြုန်းတီးလာတတ်တယ်၊ ကြားလား....ခင်ဗျားဗေဒင်ဟောဖို့မလိုဘူး၊ အဲဒါကျုပ်အမြွက်မျှသာပြောသေးတယ်"

ထိုအခါ ဗိုလ်တွန်ဆိုသော လူကြီးက....

mgyoe.com

mgyoe.com


"ကိုအောင်နှယ် ပြောလိုက်မှဖြင့် သည်လိုချည်းပဲ။ လောကရဲ့ အထိုက်စရိုက်ကိုလည်း လိုက်တန်ရင်လိုက်ဦးမှပေါ့"

ဦးအောင်ဇေယျက....

"ခင်ဗျာ့နှယ်ဗျာ၊ အဲသည်လို လောကအလိုက်တွေ၊ စရိုက်တွေကို လိုက်နေလို့ ယခုတိုင်းပြည်ကြီးဟာ ဘယ်လိုဖြစ်နေသလဲ၊ ခင်ဗျားတို့ မသိဘူးလား၊ အဲသည်ကာလအလိုက်စရိုက်တွေကို လိုက်နေလို့ပဲ မဟုတ်လား"

ဆို၍ ဗိုလ်တွန်က....

"ကိုအောင်ရယ်၊ စကားမစပ်ဆိုသလိုပဲ ပြောရဦးတော့မယ်၊ လောကဆိုတာ သိပ်ပြီးခက်တယ်၊ ကိုအောင်ကတော့ ပြောနေကြကျဖြစ်တဲ့ အကြောင်းအကျိုးကင်းရင် မလိုက်ရဘူးလို့ ဆိုဦးမှာပဲ၊ ဒါပေမဲ့ အကြောင်းရှာမရတဲ့ဟာတွေလည်း အပုံကြီး ရှိနေပါသေးတယ်၊ ယခုလည်း တဘောင်ပေါ်နေပါပကော၊ အရူးမကြီးတစ်ယောက်လျှောက်ပြီး အော်နေပါပြီ"

ဆို၍ ရွတ်ပြသည်မှာ....

တဘောင်ကား....

အမယ်ကြီးနှင့်ဘကြီးတား၍ လားလားမျှနိုင်၊ သောကြာသားက စကားခိုင်။

သံတိုင်ကျောက်ခဲ၊ လူပျိုချင်းတွင်မိုလို့ကဲ၊ ပဲနှင့်ပြောင်းကို ဟောင်းလျှင်ပစ် အသစ်ရှာ အောင်ပါလေလား၊ သောကြာသား။

သောကြာသားကို နတ်များပုံပေါင်း၊ ဆုကြီးတောင်းကောင်း၏ မြောက်မှာ အိမ်က ခွာ၊ ဖြူရာမှ ငွမ်းမောင် လူပျိုမယ်က မှန်း၊ စိန်ပန်းယင်းမာ၊ ပြိုင်လာဖက်ရှုံး၊ နောက်မှ

mgyoe.com

mgyoe.com


ပေါ်သည့် တောင်တစ်လုံး၊ ဆံထုံးပေါ်တွင်မျှ မဆင်၊ ဂူတော်
ပြင်မှာမှန် ပင်စိုက်ချင်တည့်လေး။

"အဲသည်တော့ ဘယ်လိုကြံရမယ်၊ ဘယ်လိုဖန်ရမယ်ဆိုတာကို ဗေဒင်မေးရသေးတာပ ကိုအောင်ရဲ့၊ ယခုတော့ ကိုအောင်ဟာက တော်တော့ကို ပျင်းလွန်းတယ်၊ တဘောင်ဆိုတာလည်း နတ်များက သဘင်သည်များ၊ ကလေးများ၊ လူသွမ်းများတို့ကိုကပ်ပြီး ဆိုတယ်လို့ ပညာရှိတို့က ပြောကြတယ် ကိုအောင်ရဲ့"

ဟု ပြောပြန်လေ၏။ ထိုအခါဦးအောင်ဇေယျသည် ရယ်၍–

"ခင်ဗျာ့နှယ် တော်တော့်ကို အ,သေးတာပဲ၊ နတ်က ဘာကြောင့်သည်လို လူတွေကိုကပ်ပြီးဆိုရတာလဲ၊ သူ့တစ်ဘောင်က ဘာလိုလို၊ ညာလိုလိုနှင့်၊ ဘာမှနားလည်ဖို့မဟုတ်ဘူး၊ တကယ်ဆိုရင် ဆိုင်တဲ့လူရဲ့နားမှာကပ်ပြီး ပြောပါလား၊ သေသေချာချာဆိုပါလား၊ ခင်ဗျားတို့ယူဆတာတွေမှုချမှားတယ်၊ ကျုပ်ပြောပြမယ် နားထောင်၊ လောကမှာ တဘောင်တဲ့၊ စနည်းတဲ့၊ တိတ်တဲ့၊ နိမိတ်တဲ့ဟု ပြောဆိုလေ့ရှိကြတယ်"

ဟု ဆို၍ ပြောပြသည်မှာ....

တဘောင်ဆိုသည်မှာကား ပညာရှိများ၏ သက်သေထုပ်၍တွေ့ကြည့်မြင်သိခြင်းသည် လူမိုက်များ၏ ပေးကြည့်တွေ့ရှိခြင်းထက်မှန်ကန်တတ်ခြင်းက များပေသည်။ အဘယ်ကဲ့သို့နည်းဟူမူကား ပညာရှိတို့သည် မျက်မှောက်၌ တွေ့ကြုံဆုံဆိုက်နေပုံတို့ကို အခြေပြု၍ နောက်က ဖြစ်ပျက်ခဲ့သည်နှင့်အကြောင်းအကျိုးကို နှိုင်းယှဉ်ယူဆလျက် နောင်မည်ကဲ့သို့ဖြစ်သတတ်ဟု တွက်ချက်ဖော်ပြနိုင်လေသည်။ သိလည်းသိတတ်၍ မှန်ကန်တတ်လေသည်။ ထိုအခါ ပညာရှိတို့သည် မိမိတို့သိတိုင်းမြင်တိုင်းကို ထင်ထင်လင်းလင်း မပွင့်စေဝံ့ပေ။ အဘယ်

mgyoe.com

mgyoe.com


ကြောင့်ဆိုသော် ဘုရင်ဆိုသူသည် ပညာမဲ့တို့၏ ခေါင်းဆောင်လူဆိုးကြီးဖြစ်ခဲ့ပါမူ သူ၏သဘောနှင့် မတိုက်ဆိုင်ခဲ့ချေသော် ပညာရှိသော လူလိမ္မာသော၊ သူတော်ကောင်းသော ဟူ၍ ရွေးချယ်လေ့မရှိဘဲ ကလူညှဉ်းပန်းနှိပ်စက်လေ့ထုံးတမ်းရှိခဲ့သောကြောင့် ပညာရှိတို့သည် မိမိတို့၏ အသိနှင့် အထင်အမြင်တို့ကို ထင်ရှားစွာမဖော်ဝံ့ဘဲ၊ အရူးများ၊ လူသွမ်းများ၊ ကလေးများ၊ ဇာတ်သမားများတည်းဟူသော တရားရာဇဝတ်မဝင်သော သူများအား သင်ပေးပြီးသော် တဘောင်ခေါ်စေကြလေသည်။ စနည်းနာခြင်းမှာလည်း ထိုကဲ့သို့ပင်လျှင် ပညာရှိတို့၏ ပရိယာယ်မျှသာ ဖြစ်လေသည်။ မည်သည့်နတ်သိကြားတို့ကမျှ လာ၍ဝင်ကပ်သီဆိုခြင်း မဟုတ်ပေ။ နတ်သိကြားကိုသာ ယူဆအားကိုးနေလျှင် လောကမှာ ဘယ်အခါမှ ကြီးပွားကောင်းစားဖို့နည်းလမ်းမရှိ။ တန်ခိုးကြီးသော တိုင်းပြည်အမျိုးသားအဖြစ်ကိုလည်း ရနိုင်ဖို့မရှိပေ။

*

တစ်နေ့သ၌ ဦးအောင်ဇေယျသည် အိမ်ကြီးမှာ ၎င်း၏သားငယ်တို့သည် သီဆိုကခုန်လျက်ရှိလေ၏။ သားတို့၏မိခင်သည် လက်ခုပ်တီးလျက် အားရရွှင်ကြည်စွာ သားငယ်တစ်စု၏ ကပွဲကြည့်နေလေ၏။ ဦးအောင်ဇေယျမှာမူကား မဟာဝင်ပေစာတို့ကို ဖတ်နေလေ၏။ ထိုအခါ၌ ထိုအချိန်သည် ကပွဲကာလတို့တွင် သားသမီးတို့၏ ကပွဲသည် ကျက်သရေအရှိဆုံးဖြစ်ဘိ၏။ သီချင်းသံတို့တွင်လည်း သားသမီးတို့၏ သီဆိုသံတို့သည် အသာယာဆုံးဟု ထင်မှတ်လေ၏။ သားသမီးကပွဲကို မက်ခံနေသော မိဘတို့သည် လောကမှာ အမွန်မြတ်ဆုံးသော လာဘ်သပ္ပကာကြီးကိုရသည်နှင့် တူလေဘိ၏။

ဆိုသော စကားနှင့်အညီ ထိုအိမ်ကြီးသည် မည်မျှလောက်မင်္ဂလာရှိမည်ကို စဉ်းစား၍ လွယ်ကူဖို့ပေသည်။ ထိုခဏ၌ မြင်းနီချိပ်ကြီးကို

mgyoe.com

mgyoe.com


စီး၍ ရောက်လာသောခရီးသည်အား ထိုသူတစ်စုတို့သည်....

"ဟော...ဟော....ကိုကိုကြီးရောက်လာပြီ"

ဟု ကပွဲကိုဖျက်ပြီးလျှင် ဝမ်းမြောက်ဝမ်းသာနှင့်ခရီးသည်ဖြစ်လာခဲ့သူ မောင်လောက်ထံသို့ သွားရောက်နှုတ်ဆက်လေ၏။

မောင်လောက်လည်း ခရီးဆောင်လွယ်အိတ်၊ ရေဘူးစသည်တို့ကို မြင်းပေါ်မှလှမ်းပေးပြီးလျှင် ရုတ်တရက်မြင်းပေါ်မှမဆင်းသေးဘဲ အပန်းဖြေကာ ရှိနေသည်ကိုထောက်သော်မြင်းနှင့် ၎င်းသည် အတော်ပင်ပန်းလာပုံရလေသည်။

မောင်လောက်သည် သူ့အဘ ဦးအောင်ဇေယျထံ၌ ရှိသေစွာထိုင်၍ နှုတ်ခွန်းဆက်သပြောဆိုနေစဉ် မောင်ယွသည် အခြားလူကြီးများကို ခေါ်လာသဖြင့် အရောက်ညီကြသောအခါ မောင်လောက်ပြောဆိုသည်မှာ....

"ဟံသာဝတီနေပြည်တော်ကြီးသည် ကျွန်တော်တို့၏ အဝနေပြည်တော်ကြီးနှင့် များစွာခြားနားလှပါသည်။ အဝရွှေမြို့တော်၌ မုံသံ၊ ပတ်သံ၊ နှဲသံ၊ ဗျောသံတို့မဆိတ်ဘဲ၊ စည်ပင်ဝေဆာသာယာ တင့်တယ်ပျော်ဖွယ်ပါးဖွယ်တို့ ရှိဘိသကဲ့သို့၊ ပဲခူးနေပြည်တော်၌ လုပ်ကိုင်ရောင်းဝယ်ဖလှယ်ကူးသန်း၊ ကုန်းလမ်းရေလမ်းတို့၌ တင်းကျမ်းပြည့် ကူးလူးဆက်ဆံ၊ လှေသံ၊ လှည်းသံ၊ ခရီးသည်သံတို့နှင့် ရွှေတံခါး၊ ငွေတံခါးခင်းနေကြပါသဖြင့် တစ်နည်းတစ်ဖုံ သူတို့အလိုက်အထိုက်အလျောက်နေစမ်းချင်ဖွယ် ဖြစ်တော့သည်။ စစ်ကိုင်းမြို့မ၊ ပြည်မြို့မ၊ တရုတ်မြို့မတို့၌ ဗုံ(ပုံ)ရှည်ပွဲ၊ အိုးစည်ဒိုးပတ်ပွဲ၊ တငြိမ့်ငြိမ့်တို့နှင့် နေ့ညမစဲ ပျော်ပွဲကျင်းပကြ၍ လက်ဝှေ့နပန်းပွဲ၊ လှေပွဲစသည်တို့ကိုပြုလုပ်ကြပါသဖြင့် တင့်ကောင်းတင့်တယ်ကြည့်ဖွယ်ရှုဖွယ်တို့မခန်းသည့် နည်းတူ သံလျှင်၊ မုတ္တမ၊ စစ်တောင်း၊ စသော

mgyoe.com

mgyoe.com


မြို့မကြီးတို့၌ပင် ပင်လယ်ကူးသင်္ဘောကြီးများဆိုက်ကပ်၍ ကုန်ချနေကြခြင်း၊ ကုန်တင်နေကြခြင်းတို့ဖြင့် နေညမစဲ ငွေပွဲ၊ ရွှေပွဲ၊ ချမ်းသာပွဲကြီးတို့ကို မြင်ခဲ့ရသောကြောင့် တစ်မျိုးတစ်ဖုံ နှစ်မြို့ဖွယ်ဟုလည်း အာရုံဝင်ခဲ့မိပါသည်။

"မြန်မာတို့မြို့ရွာ၌ ဖွဲ့ဖွဲ့နွဲ့နွဲ့ မောင်မောင်မိမိတို့နှင့် ညအချိန်ညခင်းသာတို့ကို အရာရှိအရာခံသူဌေးသူကြွယ်များ အိမ်တို့မှာ ကြားရသကဲ့သို့ မွန်တို့မြို့ရွာများ၌ အရာရှိအရာခံအိမ်တို့တွင် မည်သည့်တရားက မည်ကဲ့သို့၊ မည်သည့်ဓမ္မသတ်ကမည်ကဲ့သို့၊ မည်သည့်တရားသူကြီးက မည်ကဲ့သို့စီရင်သည်၊ မည်သည့်မင်းလက်ထက်က မည်ကဲ့သို့စစ်ဆင်သည်၊ ရာဇဝင်ကဘယ်လို၊ ထုံးကဘယ်လို၊ နိပါတ်ကဘယ်လို၊ မဟာဝင်က ဘယ်သို့၊ ဒီပဝင်က ဘယ်ညာ၊ ပုံဝတ္ထုကဘယ်ညာဟု ပြောဆိုညှိနှိုင်းတိုင်ပင်နေကြခြင်း၊ သူဌေးသူကြွယ်ကုန်သည် လယ်လုပ်တို့၏အိမ်များတွင် ရေတ်ကောင်းဈေးက ဘယ်လောက်၊ စပါးဈေးကဘယ်မျှ၊ သစ်ဈေးကဘယ်လို၊ ပိတ်ပဝါတို့အရောင်းအဝယ်ကဘယ်သို့စသည်တို့ဖြင့် တိုင်ရာဆိုင်ရာ စီးပွားရေးကို တိုင်ပင်လျက်ညှိနှိုင်းကြံစည်နေကြခြင်းတို့ ရှိကြပါသည်၊ ကျွန်တော်တို့မြန်မာမြို့ရွာဒေသများ၌ လူငယ်များသည် အပျော်အပါးတို့၌သာ အချိန်ကုန်ကြပြားသော်လည်း၊ ပဲခူးသားယောကျ်ားပျိုတို့မှာ ကိုယ်လက်သန်စွမ်းရေးအတွက် လေ့ကျင့်ခြင်း၊ သေနတ်မီးပေါက်ပစ်ခတ်မှုတို့၌ လေ့ကျင့်ခြင်း စသည်တို့ဖြင့် အမျိုးသားတို့တတ်အပ်သော အတတ်တို့ကို အချိန်အားရတိုင်း လေ့လာသင်ကြားလျက် ရှိနေကြပါသည်။ အမျိုးသမီးတို့မှာလည်း မိမိတို့တတ်အပ်သော အိမ်တွင်းမှုကိုဆောင်ရွက်ကြရလျက် ရက်ကန်းရက်ခြင်း၊ ဖိုင်းငင်ခြင်း၊ ချည်ချခြင်း၊ ချည်ငင်ခြင်း၊ ဝါဖတ်ခြင်း၊ ရက်ကန်းရှည်ခြင်း၊ အကျီချုပ်ခြင်းစသော အမျိုးသမီး

mgyoe.com

mgyoe.com


တို့လုပ်ငန်းစုများကို တာဝန်ကျေအောင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပေသည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါး ကုလားဖြူတို့ထံမှာလည်း လက်နက်ကိရိယာသေနတ်ခဲယမ်းမီးကျောက် စသည်တို့ကို မပြတ်မလပ်တင်သွင်းလျက် ရှိပါသည်ပြင် စစ်တပ်ကြီးငယ်ဖွဲ့၍ သေနတ်ပစ်၊ အမြောက်ပစ်စသည်တို့ကို သင်ကြားပေးလျက်ရှိပါသည်။ အချုပ်မှာကား မွန်တို့သည် အင်းဝရွှေမြို့တော်ကိုသိမ်းယူပြီးလျှင် မြန်မာတို့ကြဌာန်းကို ဖျက်လျက်ထီးကိုချိုး၍ စည်ကိုဖောက်ပြီးသော် မြန်မာလူမျိုးတို့ကို လက်အောက်ခြေသား ပြုလုပ်ထားရန် စီမံကာရှိနေပါသည်၊ မြန်မာပြည်တွက် ကုန်စည်အရပ်ရပ်တို့ကိုလည်း ဟံသာဝတီသားတို့ကလက်ဝါးကြီးအုပ်၍ သိမ်းချုပ်ပြီးလျှင် နိုင်ငံခြားသားတို့နှင့် ကူးလူးဆက်ဆံရောင်းဝယ်ကြခြင်းဖြင့် မြန်မာတို့၏ စီးပွားရေးကို ၎င်းတို့၏လက်ထဲ၌ ထားပြီးသော်၊ မြို့ရွာဒေသအရပ်ရပ်ရှိ မွန်မြန်မာတစ်စုတို့အား ပွဲတော်အမျိုးမျိုးကို ပေးထားပျော်ပါးစေပြီးသော်၊ သူတို့ချည်းသာ ကုန်သည်ကြီး၊ သူဌေးကြီး၊ သူကြွယ်ကြီးပြုလုပ်လွှမ်းမိုး၊ စိုးချုပ်ကြရန်စီမံဖန်တီးနေကြပါသည်။

*

ထိုအခါ ဩဇာတိက္ကမရှိသော လူကြီးတစ်ယောက်က ထောက်၍ ပြောဆိုသည်မှာ....

"ကိုအောင်သည်လိုဖြစ်ခဲ့လျှင် ကျုပ်တို့တိုင်းပြည်ကြီးပျက်စီးသွားခဲ့သော် တစ်မျိုးလုံးနစ်မွန်းကြရတော့မယ်၊ သည်အကြောင်းဘဝရှင်မင်းတရားကြီးထံ နောင်တော်စည်သာမင်းကြီးဖြင့် ရွှေနားတော်ပေါက်စေရရင် မကောင်းပေဘူးလား၊ ကျုပ်ကဖြင့် သင့်လိမ့်မယ်ထင်မိတယ်"

ထိုအခါ ဦးအောင်ဇေယျက အကြောင်းသင့်သည်အတိုင်း ပြောပြသည်မှာ....

mgyoe.com

mgyoe.com


"ခင်ဗျားတို့ကျွန်တော်တို့ကတော့ မာနစိတ်မဝင်ဘဲ ဆင်းရဲသား သဘောနှင့် မှန်မှန်တွေးပြီး ကြည့်လိုက်တော့ ဟုတ်တာပေါ့၊ အင်မတန် လျော်ကန်တာပေါ့၊ သို့ပေမယ့် ဘုရင်မင်းမြတ်ဆိုတာဟာ ခင်ဗျားတို့ ကျွန်တော်တို့လို စိတ်ထားရှိတဲ့ အစားထဲကမဟုတ်ဘူး၊ မှူးကြီးမတ်ရာသေနာပတိစတဲ့လူများကလည်း မြှောက်ပင့်နေကြတာသာ များတော့ အကျိုးလိုလို့ညောင်ရေလောင်းပတ်ထမ်းတွေ့ဆိုတာလိုဖြစ်နေရင် ကျုပ်တို့မှာသာပြီးခက်မနေပေဘူးလား၊ တကယ်လို့ခင်ဗျားအကြံပေးသလို လျှောက်ထားလိုက်ရင် ငါကဲ့သို့ ဘုန်းရှင်၊ သမ္ဘာရှင်၊ ပါရမီရှင်ကို ဟံသာဝတီတိုင်းကြပ် ဘုရင်က ဘုန်းတန်းပြိုင်လို့နိုင်းနိုင်မတဲ့လား၊ ငါကဲ့သို့ သာသနာပြုသာသနာ့ဒါယကာမဟာဧကရာဇ်မင်းမြတ်ကိုနတ်များ၊ သိကြားများက လျစ်လျူရှုနေကြမတဲ့လား၊ ဘုန်းချင်းပြိုင်လို့ ဆိုင်ဝံ့မတဲ့လား၊ သမ္ဘာချင်းတုလို့ မှုဝံ့မတဲ့လား၊ မွန်ဘုရင့်ကုလားလက်နက်ဟာ ငါ့ဘုရင်သိကြားလက်နက်ကို ပြိုင်ပြီးဆိုင်ဝံ့ပါမလားဟု အယူတော်ရှိခဲ့သော် ကျုပ်တို့မှာသာမျက်နှာမရပါးကြောက်ချမဖြစ်ပေဘူးလား၊ အကယ်တန္တုဘုရင်မင်းမြတ်က ခင်ဗျားတို့၊ ကျွန်တော်တို့ သံတော်ဦးတင်သည်ကို နှစ်လိုစေကာမူ ဘုရင့်အပါးတော်၌ မြှောက်ပင့်ခယ စားသောက်နေတဲ့ ပညာရှိအခေါ်ခံ သူတို့က ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာတော်ရှင်ကို မည်သူဝံ့စားဝံ့မလဲ၊ သာသနာ့ဒါယကာမဟာဧကရာဇ်မင်းမြတ်၏ ဘက်တော်ကသမာဒေဝ နတ်ကောင်းနတ်မြတ်တို့ ကူညီမှိုင်းပြီး သမ္ဘာတော်ကိုမြင့်သထက်မြင့်ရန် မြင့်နေပါတယ်လို့ လျှောက်ထားကြရင် ကျုပ်တို့မှာသာ တောတွင်းသား၊ လူပါး၊ မင်းပါး၊ ပညာရှိပါး၊ မဝရာရောက်မယ်မဟုတ်ပါလား"

ထိုအခါ ဗိုလ်တွန်ဆိုသော လူကြီးက....

"သည်လိုဖြစ်ကိုအောင်၊ ကျုပ်တို့မြန်မာမျိုးတစ်မျိုးလုံး ပဲခူးသား

mgyoe.com

mgyoe.com


တို့ရဲ့အုပ်စိုးခြင်းကိုခံပြီး ခြေပါလက်သုတ်ဝါးရင်းတုတ်လုပ်နေရတော့မှာလား"

ဆိုလေလျှင် ဦးအောင်ဇေယျက....

"အင်း.....လုပ်တန်လျှင်လုပ်ရလိမ့်မယ်"

ဆိုပြန်၍ ဗိုလ်ကောင်းဆိုသော အခြားလူတစ်ယောက်က....

"ဘာခံနိုင်မလဲကိုအောင်ရယ်၊ ခင်ဗျားလည်း သတ္တိ ဗျတ္တိနဲ့လူကပဲ၊ သည်လိုနေလို့တော်ပါ့မလား၊ ဗိုလ်ပါလူစုဝေးဆိုတာတော့ ကျုပ်တို့တာဝန်ထားလိုက်ပါ"

ဟု ရဲရင့်စွာ ပြောဆိုရာ ဦးအောင်ဇေယျက တစ်ဖန်....

"သည်လိုလည်းမတော်သေးဘူးဗျ၊ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်းချွန်းဖွင့်အုပ် ဆိုတဲ့ပညာရှိတို့စကားကဲ့သို့ နှေးနှေးပြုအပ်တဲ့အမှု၊ မြန်မြန်ပြုအပ်တဲ့အမှုစသည်တို့ကိုလည်း တိုင်းဆဝေဖန်သင့်သေးတယ်၊ တစ်ကြောင်းမှာလည်း နောင်တော်စည်သာမင်းသားကြီးဟာ ဘုရင်မင်းမြတ်ရဲ့ကျေးဇူးတော်ခံဖြစ်တဲ့အပြင် ကျုပ်တို့ဘိုးဘွားမိဘကစပြီး ဘုရင်မင်းမြတ်ရဲ့အရေးပေးထားတဲ့ ကျေးဇူးတော်များနှင့် ဘုရင်ဆိုတဲ့ ဘုန်းတော်ကို ခိုလှုံရတဲ့ကျေးဇူးတော်တို့ကို မချေပသင့်ပေဘူး၊ သူပုန်ဆိုတဲ့ ယုတ်ညံ့တဲ့ဂုဏ်သရေဟာ ကမ္ဘာကြေသော်လည်း၊ ဥဒါန်းမကြေနိုင်ဘဲ ပညာရှိတို့ ကဲ့ရဲ့ဖွယ်ဖြစ်မှာကိုလည်း စိုးရိမ်သင့်သေးတယ်မဟုတ်လား"

ဟု ဆို၍ မိမိ၏လူစုအား နှစ်သိမ့်စေလေ၏။

*

ထိုကဲ့သို့ ညှိနှိုင်းတိုင်ပင်ပြောဆိုနေကြခြင်းနှင့် နိုင်ငံတော်၏ဖြစ်ပျက်နေပုံကို တိုင်းဆစဉ်းစားမည်ဆိုသော် မည်ကဲ့သို့အကျိုးသက်ရောက်သင့်သည်ဟု ပေါ်လွင်ဖို့သင့်လေ၏။ ထိုအချက်စု၌ စာဖတ်

mgyoe.com

mgyoe.com


သောသင်၏စိတ်ထားသည် မည်ကဲ့သို့ရှိမည်နည်း။ တိုင်းရေးပြည်ရေး ဆိုသည်မှာလည်း ကြက်ဥတိမ်တောင်နှင့် တူသဖြင့် တိုင်းပြည်ကောင်း စားအောင် ကြံဆောင်ရမည့်သူတိုင်းလောက်ပင် များစွာသောအခက်အခဲတို့ကို တွေ့ရမည်ကားမချွတ်မလွဲပေ။ ထိုသို့သော အခိုက်အတန့်၌ ဗိုလ်အောင်ဇေယျမှာကား ဆင်းရဲသားတို့ အကျိုးကိုကူညီဆောင်ရွက်၍ ထိုခေတ်၌ တိုင်းပြည်ပူလောင်ကြောင်းတရားသုံးပါးတည်းဟူသော....

(၁) အတိုးကြီးစွာပြု၍ ငွေချေးစားသူများနှင့် ငွေထွက်ကို စဉ်းလဲလျက် ငွေဝင်ကိုသာလျှင် တိုးပွားစေသော ကိုယ်ဖို့ကောင်း သူဌေးသူကြွယ်များ။

(၂) အိုးအိမ်ရာမဲ့ လေလွင့်နေသူတို့နှင့် အခြေအနေမဲ့ ကပြားများ၊ ကပ်ပါးများ။

(၃) မတရားပြုကျင့်နေသဖြင့် ဘုရင်၏ အတွင်းရန်သူ (ဝါ) တိုင်းပြည်အတွင်း ရန်သူဖြစ်သော မင်းမှုထမ်းများ။

ဟူ၍ ရှိရာတွင် မတရားပြုမူကျင့်ကြံနေသော မင်းထမ်းရာထမ်း အရာရှိကြီးငယ်တို့၏ ဩဇာအာဏာသည် အလွန်ကြီးမားနေသည်ပြင် ငွေသာလျှင် တရားသည် ဟူသော ခေတ်ဆိုး၊ ငွေသာလျှင်သူတော်ကောင်း၊ ငွေသာလျှင် ပညာရှိဟူသော ခေတ်ညံ့ကြီးဖြစ်နေလေ၍ တိုင်းပြည်၌ ဓားပြသူခိုး လူဆိုးများတို့သည် အလွန့်အလွန် ထူပြောလာလျက်ရှိလေရကား ဆင်းရဲသားတို့ကိုးကွယ်ရာဖြစ်နေသော မုဆိုးဖိုရွာမကြီးသို့သာလျှင် မြောက်ဘက်တစ်ခွင်ရှိ ရွာသိမ်ရွာငယ်တို့သည် ခိုမှီဝင်ရောက်နေထိုင်ကြလေ၏။

ကဗျာဂီတ အပျော်အရွှင် သဘင်အမျိုးမျိုးတို့နှင့် မှိန်း၍ ဖိန်းနေသော အဝရွှေနန်းရှင်မှာကား မိမိ၏ဘုန်းတော်သမ္ဘာတော် ကောင်း

mgyoe.com

mgyoe.com


မှူတော်တို့ကိုသာ အားထားလေသဖြင့် မြောက်အရပ်က မင်းလောင်းပေါ်လိမ့်မည်ဟု ပွဲတင်ထပ်လျက် ဂယက်ပြေး၍ ကျော်စောနေသည်ကို ပညာရှိပုရောဟိတ်ဟု ဆိုအပ်သောဗေဒင်ကဝိတို့၏ စီမံဆောင်ရွက်ပြုလုပ်ချက်အရ ကိန်းခန်းယတြာအလိုက် စာသင်ဆရာ ဦးရွှေဖြိုးကို ဘုရင့်နောင်အမည်နှင့် ထီးဖြူမြောက်စည်ပေး၍ စစ်ကိုင်းက မင်းပြုစေ၏။ တောင်ငူရာဇာကိုလည်း ငစဥ့်ကိုင်က မင်းပြုစေ၏။ ထိုကဲ့သို့လျှင် ပညာရှိကဝိအမည်ခံပုဂ္ဂိုလ်တို့၏ စီမံဆောင်ရွက်ခြင်းသည် ယုတ္တိမရှိ၊ အရေးမပါလေသောကြောင့် တိုင်းပြည်ခိုင်လုံအင်အားကြီးမားရန် တစ်စိုးတစ်စိမျှမဖြစ်နိုင်ပေ။

ငစဥ့်ကိုင်မှ တောင်ငူရာဇာကမှူကား မြောက်အရပ်ကမင်းလောင်းပေါ်မည်ဟု ကျော်စောသည့်အတိုင်း မုဆိုးဖိုအစီအရင်လည်း အင်ခွင်ကြီးလှသည်ဟု ကြားရသည်။ နိမိတ်တဘောင်လည်း ပေါ်ရှိသည်ဟူ၍ မုဆိုးဖိုဦးအောင်ဇေယျကို ငစဥ့်ကိုင်တပ်သို့ခေါ်ပြီးလျှင် စုံစမ်းစေရာ ဦးအောင်ဇေယျလည်း တပည့်တပန်းလက်ဆောင်ပဏ္ဏာနှင့် ရောက်လာလတ်သော် မင်းဖွယ်စိုးရ အသွင်အပြင် ကြန်အင်လက္ခဏာနှင့်ရဲရင့်တည်ကြည်ခြင်းများကို မြင်ရကာလ ဆိုလောက်ပေ၏ဟု ချီးမွမ်းအောက်မေ့ပြီးသော်.....

"ရှင်ဘုရင်စော်နံသည်ဟူသည် မှန်မည်လော"

ဟု မေးသောကာလ ဗိုလ်အောင်ဇေယျလည်း လောကပရိယာယ်၊ ရာဇပရိယာယ်တို့ကို ကျွမ်းကျင်နားလည်ပြီးဖြစ်သည့်အတိုင်း....

"ချောပစ်သောစကားများသာဖြစ်ပါသည်"

ဟု ဆင့်ဆေ့ရန်ရှောင်စကားမျိုးကို သုံးလျက် ဂုဏ်ပစ္စည်းဥစ္စာတို့၌ များစွာမက်မောသော တောင်ငူရာဇာအား သင့်တင့်အောင် အားရနှစ်သိမ့်စေပြီးသော် ပြန်သွားလေ၏။ ထိုကဲ့သို့ တောင်ငူရာဇာက ဦး

mgyoe.com

mgyoe.com


အောင်ဇေယျအား ခေါ်ယူငင်စုံစမ်းလေသောအခါ အချို့သော အမှုထမ်းသားတို့က....

အောင်ဇေယျကို သည်တစ်ခါ ထိုအချက်ရတော့မည်ဟု အောက်မေ့ကြံစည်လျက် ရှိလေ၏။ အကယ်၍ ၎င်းတို့ထင်တိုင်း တောင်ငူရာဇာသည် ဦးအောင်ဇေယျအား တစ်စုံတစ်ရာအရေးယူဆောင်ရွက်မည်ဆိုသော် ထိုအခါထိုအချိန်ကစ၍ ဦးအောင်ဇေယျသည် မြောက်ဘက်တစ်ခွင်၌ ထောင်ထားခြားနားကောင်းခြားနားပေလိမ့်မည်။ တောင်ငူရာဇာလည်း ကျော်စောသည်နှင့် ကျော်တိုင်းတင့်သော အရည်အချင်းဆွေအားမျိုးအားကား ရှိပါပေသည်။ သို့ရာတွင် ငါတို့တရားမင်းမြတ်၏ ဘုန်းတန်ခိုးတော်ကို မကျိုးနွံဘဲ မနေဝံ့ဆိုသော စကားမှာလည်း တစ်စုံတစ်ရာမျှအရာမထင်ပေ။ ငါတို့ ဘုရင်မင်းမြတ်၏ ရွှေဘုန်းတော်ကြောင့် ကော်ရော်ကိုင်းရှိုင်း၍ မရိုင်းမပျလည်း ရှိရချေပြီ။ သို့သော် သူ့ကျွန်စလေငခွေးပင် ဘုရင်ဖြစ်သေး၍ လူတို့ဘုန်းကံကို မမြင်နိုင်ပေရာဟု ဗေဒင်ပညာရှိတို့၏ အစီအရင်ဖြင့် ကိန်းချောခန်းချောပြုမှသင့်မည်ဟု မုဆိုးဖိုရွာမ ရွှေတန်းဆာစေတီတော်မြောက်တွင် ကိန်းချောတဲနန်းတည်ဆောက်လေ၏။

ထိုအခါ ဟံသာဝတီပဲခူးသားတို့သည် အောက်မြို့ကျေးရွာတို့တွင် မြန်မာတို့၏ အလံကိုချပြီးလျှင် သိမ်းယူထကြွနေကြလေပြီ။

ဦးအောင်ဇေယျမှာကား သတိသမ္ပဇဉ် တရားနှင့်ပြည့်စုံ၍ တိုင်းရေးပြည်ရာ၏ အခင်းမလှကြောင်းကို သိရသဖြင့် ယခုပြည်ထဲအရေးကို ထောက်သော်ဝါးအစည်းပြေသကဲ့သို့ ရှိနေချေပြီ။ ရှေ့သို့ သာယာတော့မည်မထင်။ အဝပျက်ခဲ့သော် အသို့တွေ့ကြုံရသတတ်နည်း။ သူ့အရေးထက် ကိုယ့်အရေးက သာ၍ခက်သည်ဆိုသော စကားကဲ့သို့ ပဲခူးသားတို့ထက် တို့အချင်းချင်းက သာ၍ခက်နေရလိမ့်တကားဟု

mgyoe.com

mgyoe.com


ဆေးတံတိုကိုခဲလျက် ဆောင့်ကြောင့်ထိုင်၍ ဒူးနှစ်ဖက်ပေါ်လက်တင်ပြီးလျှင် စဉ်းစားနေလေရာ ဆေးအိုးမှတွန့်လိမ်ကာထွက်နေသည့် မီးခိုးငွေ့ပြာမှိုင်းသည် ၎င်း၏စိတ်ကူးကိုအားပေးနေသကဲ့သို့ ရှိနေသည်တွင် တိုင်ပင်ပြောဆိုနေကျဖြစ်သော မိတ်ဆွေလေးဦးတို့သည် ရောက်လာကြ၍ တိုင်းပြည်အဖြစ်အပျက်တို့ကို ပြောဆိုပြီးသော် ခေါင်းဆောင်ပြုလုပ်၍ စီမံလုပ်ကိုင်ရန် တိုက်တွန်းကြသောအခါ ဦးအောင်ဇေယျလည်းပြုံးလျက်....

"ခင်ဗျားတို့ကတော့အများအကျိုးကို သယ်ပိုးဆောင်ရွက်ရန်တိုက်တွန်းကြပေသည်၊ သို့ရာတွင် ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျိုးအတွက် တိုင်းသူပြည်သားတို့ကို ဖြားယောင်းသွေးဆောင်၍ ခေါင်းဆောင်ပြုလုပ်သည်ဟု အများကထင်မည်ကို များစွာတွေးထင်ကြောက်ရွံ့မိတော့ပြီ၊ ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုခြင်းမပြုဘဲနှင့် သင်တို့အပေါ်က ငါခေါင်းဆောင်လုပ်၍ ကြိုးစားမည်ဟုမသွေးဆောင်လို၊ ကျွန်တော်သည် ကျွန်တော့်စီးပွားကိုထက် အများ၏စီးပွားကိုသက်စွန့်ကြိုးပမ်းဆောင်ရွက်ရတော့မည်ဖြစ်သောကြောင့် အများကခေါင်းဆောင်၍ဦးစီးပြီးလျှင် စီမံပါဟု ကျိုးနွံပျပ်ဝပ်ပြီးသော် မတောင်းပန်သမျှကာလပတ်လုံး ကျွန်တော်သည် ကိုယ်လွတ်ရုန်းခွာလျက် ကြောက်မက်ဖွယ်သော ကာလပျက်အံ့သည်တွင် မထင်မရှား နေပေတော့မည်၊ အချုပ်၌ ပဲခူးသားသည် ရန်သူစစ်မဟုတ်၊ ကိုယ်တို့အမျိုးတစ်စုသာလျှင် ရှေ့မသွားတတ်၊ နောက်လည်းမလိုက်နိုင်၊ ဘေးတိုက်နေ၍ ထိုင်ချေသောကြောင့်ရန်သူစစ်ကြီးဖြစ်ချေသည်"

ဟု ပြောဆိုလေလျှင် မိတ်ဆွေလေးဦးတို့သည် ဗိုလ်အောင်ဇေယျထံမှ ထသွားကြ၍ မကြာမြင့်မီပင် ကျယ်စွာသောကုလားတက်သံကိုကြားရပြီးနောက်၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် လူစုလူဝေး

mgyoe.com

mgyoe.com


ကြီးသည် သူတစ်ခွန်း၊ ငါတစ်ခွန်းပြောဆိုစည်းဝေးတိုင်ပင်နေကြပြီး လျှင် ဦးအောင်ဇေယျထံသို့ စုံညီလာရောက်ကြ၍ ခေါင်းဆောင်ပြု လုပ်ပြီးသော် ရန်သူများ၏ဘေးမှကင်းလွတ်ရန် စီမံပါဟု တောင်းပန် ကြလေကုန်၏။

ထိုကဲ့သို့လျှင် တစ်ညီတည်း တောင်းပန်ခြင်းဖြင့် ဦးအောင်ဇေယျ သည် မုဆိုးဖိုရွာမကိုပတ်ဝိုင်းပြီးသော် တာလေးရာခုနစ်ဆယ်ရှိသော ထန်းလုံးတပ်ကို ပစ္စရင်လျှောက်၊ ကတုတ်၊ ရင်တား၊ ကျုံးမြောင်းနှင့် တကွ ဖြိုးဖြိုးခိုင်ခိုင်တပ်လုပ်၍၊ အနီးအစပ်လေးဆယ့်ခြောက်ရပ်သော ကျေးရွာများရှိလက်နက်၊ ကိရိယာ၊ ဆင်၊ မြင်း၊ လူသူ၊ မျိုး၊ ရိက္ခာတို့ ကို တပ်တွင်းသို့ ချည်းသွင်း၍ အပြင်ဘက်ရှိရေတွင်း၊ ရေကန်တို့ကို ဖျက်သိမ်းစေပြီးလျှင် စစ်တလင်းရှင်းလင်းထားလေ၏။ (ထိုကဲ့သို့ ပြုလုပ်ပုံနည်းစနစ်သည် ရှေးအခါက တိုင်းပြည်ဂယောက်ဂယက်ဖြစ် အံ့ထင်သောအခါ ခိုးသားဓားပြတို့ဘေးမှ ကင်းဝေးရလေအောင် ရွာမ ကြီးကို စုပေါင်းဝင်ရောက်ခိုအောင်းနေသော ရှေးမြန်မာတို့ထုံးဖြစ်လေ သည်။)

လူသန် လူမြန်တို့အားလည်း စစ်ခင်းစစ်ရေးအတတ်၊ သေနတ် ပစ်အတတ်၊ ဓား၊ လှံ၊ အထိုး အခုတ်စသော အတတ်မျိုးတို့နှင့် ဒိုင်း ရေး၊ လွှားရေး၊ မြင်းရေး၊ ဆင်ရေးစသော အတတ်မျိုးတို့ကို သင်ကြား ပေးပြီးသော် ရှေ့အရေးကို မျှော်တင်း၍ အခိုင်အခံ့နေလေ၏။

❑

mgyoe.com